# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 30 April 2024 ၁၁၄၄၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER(LAC) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များ ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်

### လူတိုင်း ဥပဒေပညာရှင်မဖြစ်နိုင်သော်လည်း ဥပဒေပညာသိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာအသုံးချနိုင်မည်

နေပြည်တော် ဧပြီ ၂၉

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER(LAC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


ပြည်ထောင်စုဝန်ကြီးများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး စာမျက်နှာ » ၇

တန်ဖိုးရှိသောဘဝနှင့် ဘဝကိုအဓိပ္ပာယ်ရှိရှိ နေကြရအောင်ပါ ဆောင်းပါး စာမျက်နှာ » ၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန(၃)ခု၌ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆို စာမျက်နှာ » ၁၇

မန္တလေးမြို့ အဓိကလမ်းမကြီးများရှိ မီးပွိုင့်များတွင် အရိပ်ရနေပူခံအမိုးများ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တပ်ဆင်ပေးလျက်ရှိ စာမျက်နှာ » ၁၉

ကြေးမုံ

# မြို့ရွာတည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်

မျက်မှောက်ကာလတွင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများက မြို့ရွာများအား တိုက်ခိုက်နှောင့်ယှက်ဖျက်ဆီးနေသည့် လုပ်ရပ်များကို မြင်တွေ့နေရသည်။ အထူးသဖြင့် နယ်စပ်ဒေသပတ်ဝန်းကျင်ရှိ မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဘေးလွတ်ရာသို့ တိမ်းရှောင်ကြပြီး ဒုက္ခအခက်အခဲမျိုးစုံကြုံတွေ့ကြသည်။

မကြာသေးမီရက်ပိုင်းက နှစ်နိုင်ငံကုန်သွယ်ရေး အချက်အချာမြို့ဖြစ်သည့် မြဝတီမြို့ကို အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်သဖြင့် ကုန်သွယ်စီးပွားလုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။ ယခုဧပြီလဆန်းပိုင်းက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့သည် သာလွန်အင်အားများဖြင့် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား နှောင့်ယှက်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ပတ်ဝန်းကျင်ကျေးရွာများမှတစ်ဆင့် မြို့အား အဝေးမှလက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း၊ မြို့အစွန်ရှိ ရပ်ကွက်များသို့စိမ့်ဝင်ပြီး ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများ လုယက်ယူဆောင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်နေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဖြင့် စနစ်တကျဆောင်ရွက်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ အဆိုပါမြို့ရွာများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပြန်လည်နေရာချထားရေး၊ ဒေသပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများတွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ အလားတူလုပ်ရပ်များကို မြင်တွေ့ကြားသိရသည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်သည် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံစိတ်ချရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက တစိုက်မတ်မတ် နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများမှာ ကြောက်ရွံ့စိုးရိမ်ဖြစ်နေရသည်။

အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများကို မကြာခဏနှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးကြရသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းရင်းသားပြည်သူများအား အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လုယက်ဖျက်ဆီးမီးရှို့ခြင်း စသည်တို့ကို ပြုလုပ်ကြသောကြောင့် ဘေးလွတ်ရာနေရာများသို့ တိမ်းရှောင်ခိုလှုံကြရသည်။ ယခုအခါ လုံခြုံရေးတပ်ဖွဲ့များက အဖျက်သမားသောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်သဖြင့် အဆိုပါဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်ရာ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများအား ၎င်းတို့နေရပ်တွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် စည်းရုံးလုပ်ဆောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့နေရပ်များသို့ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပြတ် နွေးထွေးစွာကြိုဆို၍ စနစ်တကျလက်ခံဆောင်ရွက်ပေးနေပြီး လိုအပ်သည့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသဆိုင်ရာ အစိုးရအဖွဲ့ဝင်များက ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး စားသောက်ဖွယ်ရာများနှင့် လိုအပ်သည့်ပစ္စည်းများကို ထောက်ပံ့ကူညီပေးခဲ့သည်။ အဖျက်သမားသောင်းကျန်းသူများက ဒေသခံပြည်သူများ အတိဒုက္ခရောက်အောင်လုပ်ဆောင်မှုများနှင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများအား ကူညီစောင့်ရှောက်ပေးနေမှုများအား အထင်အရှား မြင်တွေ့နေရပြီဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် လက်နက်ကိုင်သောင်းကျန်းသူများသည် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အချိန်ကာလအထိ ၎င်းတို့အကျိုးစီးပွားကို အကြောင်းပြု၍ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို တိုက်ခိုက်ဖျက်ဆီးနေသည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်သည်။ ပြည်သူများမှာ အေးချမ်းစွာနေထိုင်လုပ်ကိုင်ခွင့်မရဘဲ သောင်းကျန်းသူများ၏ အကြိမ်ကြိမ်ဖျက်ဆီးခြင်းခံခဲ့ရသည်။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိပြီး တိုင်းရင်းသားပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွဲပူးပေါင်းလျက် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများအား တွန်းလှန်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူရှိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၃၈၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၉-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၁-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၃၈၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၄ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၁,၉၁၅ | ၁၆,၈၄၄,၅၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၆,၀၁၃ | ၁၇,၃၁၇,၇၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၈,၃၁၇ | ၁၂,၄၂၉,၉၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၂၀ | ၃၃,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂ | ၉,၂၀၀ |
| MAEX | ၂,၀၅၀ | ၁,၉၅၀ | ၁,၁၁၅ | ၂,၂၈၄,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC)ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြပြီး အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်သည်။

**မရှိမဖြစ်လိုအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သည့်အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း နေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေ သိရှိလိုက်နာ စောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စတင်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့် လျော်ညီစေမည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

**ဥပဒေ အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေး**

ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်၏ ရှေ့ဆက်ရမည့် လုပ်ငန်းများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအကြား ဥပဒေအသိပညာပြန့်ပွားရေးကို ရည်ရွယ်ပြီး ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် အကောင်အထည်ဖော်ပေးရခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့်ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center)သည် ဥပဒေ အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည့် နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည် ဖြစ်သဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် နေရာတစ်ခုဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန် လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ **စာမျက်နှာ ၄ သို့ »»**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER(LAC) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးထံ အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို လွှဲပြောင်းပေးအပ်စဉ်။

»»» **စာမျက်နှာ ၃ မှ**

လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိကြရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများအနေဖြင့် ဥပဒေကိုနားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး အကျိုးရှိမှန်ကန်ထိရောက်သည့် လုပ်ရပ်များနှင့် နိုင်ငံနှင့် ပြည်သူအတွက် ကောင်းကျိုး ရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာ(ဥပဒေ) ပညာဘွဲ့ B.A(Law) ပညာသင်ကြားနေပြီး အဓိကကျသည့် တက္ကသိုလ်များတွင် ဥပဒေဘွဲ့ (LL.B) ပညာသင်ကြားပေးနေကြောင်း၊ ယခုထက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မွေးထုတ်ပေးလိုက်သည့် ဥပဒေပညာရှင်များသည် နိုင်ငံတကာတွင် ရင်ဆိုင်ယှဉ်ပြိုင်နိုင်သည့် အကျော်ဇေယျများ ဖြစ်သည်အထိ လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများကို ဆောင်ရွက်ကြရာတွင် ဂုဏ်သိက္ခာရှိရှိဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိများကို ခန့်အပ်တာဝန်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ယခုဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့် အပြင် အဂတိလိုက်စားမှု ကင်းစင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း။

ဥပဒေအသိပညာ ပြန့်ပွားရေး လုပ်ငန်းစဉ်များကို ယခုထက်ပိုမို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန်နှင့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းတွင် တက်ရောက်လေ့လာ သင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများအတွက် ဥပဒေပညာရပ်များ ရှာမှီးနိုင်သည့် ဗဟုသုတဗိမာန်ကြီးတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကြီးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများအတွက် အောင်မြင်တိုးတက်မှုပြယုဂ်တစ်ခုလည်း ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပိုမိုကောင်းမွန်သည့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုနှင့် ဥပဒေအသိပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်းဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းများကို ပိုမိုဖွင့်လှစ်သင်ကြားနိုင်မည် ဖြစ်သောကြောင့် ဥပဒေအသိပညာပြန့်ပွားပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထောက်အကူပြုမည် ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးကိုကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် သင်တန်းကျောင်း အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များအား မော်လမြိုင်မြို့၌ တွေ့ဆုံအမှာ စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူနေသူတစ်ဦးအား ကြည့်ရှု အားပေးစကားပြောကြား စဉ်။

☆ ကျောဖုံးမှ

မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများ က ကြိုဆိုနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင် များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိ သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံ တွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများ၊ ရောဂါကုသ ပျောက်ကင်းသက်သာမှုအခြေအနေများ နှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေ များကို ရင်းရင်းနှီးနှီး မေးမြန်းကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေး အပ်ခဲ့သည်။

**တွေ့ဆုံအမှာစကားပြောကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မော်လမြိုင်မြို့၌ တွေ့ဆုံအမှာ စကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့သည် နယ်စပ် ဒေသများဖြစ်ပြီး အရေးပါသော နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များရှိသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ လက်ရှိ ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော် နှင့် ပြည်သူ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက် ရမည်ဖြစ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူ များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများကို နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးစည်းရုံး ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှု ရှိပြီးဖြစ်သည့် မြို့/ရွာများအတွင်း အကြမ်းဖက် သောင်းကျန်းသူများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြား နိုင်ရေးနှင့် ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရ မည့်အခြေအနေများ၊ နိုင်ငံရေးသည် ကာကွယ်ရေး၊ စီးပွားရေးတို့နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့်အတွက် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးတို့ကို ဟန်ချက် ညီအောင် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ များနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက ကျသည့် MSME လုပ်ငန်းများကိုလည်း ထိရောက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အခြေအနေများကို အကျယ်တဝင့် ဆွေးနွေး ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ အချက်အလက်များ၊ နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီနေရပ်စွန့်ခွာပြည်သူများနေထိုင်နိုင်ရန် ယာယီ တိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ် သည့် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ အကြမ်းဖက် သမားများဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့်မြို့၊ ရွာများတွင် ပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်း ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာ သင်ကြားနိုင်ရေး စီမံ ဆောင်ရွက်နေမှုများ၊ MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးထားမှုနှင့် ဒေသအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေမှုများ၊ ဒေသတွင်းထုတ်ကုန်များ ဖြစ်သည့် ရော်ဘာနှင့် ဆန်၊ စပါး အတွက် Work Plan များရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိ လိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြီး တင်ပြ ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စစ်ဆင်ရေး၊ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေး ပိုင်းဆိုင်ရာများအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာကျူးရှိုခဲ ဦးဆောင်သောအဖွဲ့က ကြိုဆိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကွမ်တုံးပြည်နယ် ရဲတပ်ဖွဲ့မှူး မစ္စတာလျိုကော်ကျိုးတို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Potala Palace သို့ လေ့လာခဲ့ကြစဉ်။

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး မစ္စတာဝမ်ရှောင်ဟုန် (H.E. Mr. Wang Xiao Hong) ၏ဖိတ်ကြားချက်အရ ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Chen Hai၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် Beijing Capital အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ(Lhasa) မြို့သို့ ထွက်ခွာခဲ့ရာ Lhasa Gongga လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့ပြီး တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာကျူးရှိုခဲ (Mr. Zhu Shouke) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

**ဆွေးနွေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး မစ္စတာကျန်းဟုန်ပေါ် (Mr.Zhang Hongbo) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရဲတပ်ဖွဲ့မှူး Mr. Zhang Hongbo က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဧပြီ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ UNESCO စာရင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သည့် Potala Palaceနှင့်တ္ဘကျောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထို့နောက် တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကောလိပ်သို့ သွားရောက်ပြီး သင်တန်းသားများ၏လက်တွေ့လေ့ကျင့်မှုအစီအစဉ်များကိုလည်းကောင်း၊ ကျားရှီး (Zhaxi)ရဲစခန်းသို့ သွားရောက်ပြီး အမျိုးသားမှတ်ပုံတင်ကတ် ပြုလုပ်ခြင်းနှင့် ရဲလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိဗက်ပြည်နယ် အကြမ်းဖက်မှုနှိမ်နင်းရေးဌာနသို့ သွားရောက်ပြီး မိုင်းရှင်းလင်းရေးလေ့ကျင့်ခန်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စီးနင်းဝင်ရောက်နှိမ်နင်းမှု လေ့ကျင့်ခန်းများနှင့် လက်ဖြောင့် တပ်သားများ၏လေ့ကျင့်ပစ်ခတ်မှုများကို လည်းကောင်း လေ့လာခဲ့ကြသည်။

ဧပြီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ(Lhasa) မြို့မှ စီချွမ်းပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာခဲ့ရာ ချန်ဒူးမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ရောက်ရှိခဲ့ကာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကွမ်တုံးပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာဟွမ်ကော်ဟွေး (Mr.Huang Guohui) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

**လေ့လာ**

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကွမ်တုံးပြည်နယ် ရဲတပ်ဖွဲ့မှူး မစ္စတာလျိုကော်ကျိုး (Mr.Liu Guozhou) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ နယ်စပ်နေပြည်သူများ ဘေးကင်းလုံခြုံရေး၊ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးမြစ်အတွင်း လှည့်လည်လေ့လာခဲ့ကြသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒိုက်ဦးမြို့နယ် ဗျိုင်းချယ်ကျေးရွာ၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဒိုက်ဦး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဗျိုင်းချယ်ကျေးရွာအုပ်စု ဗျိုင်းချယ်ကျေးရွာ ကွင်းအမှတ် (၄၇၉) ဦးပိုင်အမှတ် (၇/၂) တောင်သူ ဦးဝင်းစိုးက ဗီယက်နမ်နိုင်ငံထုတ် တန်ဖိုးသင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးရက် ၉၀ မျိုး တစ်ဆက်တည်း ဧက ၂၀ စိုက်ခင်းတွင် ယနေ့ နံနက်ပိုင်းက စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းရာသို့ မြို့နယ် စိုက်/ကြပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း အစို ၁၅၆ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ်အတွင်း နွေစပါးစီမံကိန်းဧရိယာ ၃၁၅၁၂ ဧက လျာထားသော်လည်း မြေပြင်လက်ရှိနွေစပါးစိုက် ဧရိယာ ၆၂၄၉၄ ဧကအပေါ် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ဧက ၁၀၅၆၀ ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၁၁၅ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီးများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး



နေပြည်တော် မေ ၂၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းရေကန်များ တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပုဂံမြို့ဟောင်းကျုံးတူးဖော် ထိန်းသိမ်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က ရှေးမင်းကောင်းမင်းမြတ်များနှင့် ပြည်သူများ တူးဖော်အသုံးပြုခဲ့သည့် ရှေးဟောင်းရေကန်ဖြစ်သော မြကန်ကို ကြည့်ရှုစစ်ဆေးရာ မြကန်တူးဖော် ထိန်းသိမ်းမှုအခြေအနေ၊ ရေဝင်ရောက်ရေး၊ ရေဝင်လမ်းကြောင်းများ ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဇယဝေရီကန်နှင့် မင်္ဂလာကန်(၃) တူးဖော်ပြီးစီးမှု အခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လည်းကောင်း၊ ဖိုးသူတော်ကန်တူးဖော်ပြီးစီးမှု အခြေအနေကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ကန်အတွင်း ရေဝင်လမ်းကြောင်းများ ရေဝင်ရောက်ရှိရေး၊ ကန်အတွင်း ရေစိမ့်မှုများမရှိစေရေး၊ ရေအဆက်မပြတ်ရှိစေရေး၊ ရေကန်များ ကြံ့ခိုင်မှုရှိရေး၊ ရေကန်တစ်ကန်နှင့် တစ်ကန်ချိတ်ဆက်သည့် ရေလမ်းကြောင်းများ မိုးမကျမီ အပြီးတူးဖော်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ယင်းနောက် ရေတော်မုနိကန်၊ ရွာဟောင်းကြီးကန်၊ ဆုတောင်းပြည့်ကန်၊ ကိုမောက်ကန်များ ပြန်လည်တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကို လည်းကောင်း၊ ပုဂံခေတ်ကတည်းက မြကန်မှ ပုဂံမြို့ဟောင်းကျုံးအတွင်းသို့ ရေစီးဆင်းသည့် ရေစီးလမ်းကြောင်းတစ်လျှောက်တွင် အနော်ရထာလမ်း ဖြတ်သန်းဖောက်လုပ်ခဲ့သဖြင့် ရေကျော်နေသည့် နေရာအား Box culvert ပြုလုပ်မည့်နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၁၉၉၀ ပြည့်နှစ်က တူးဖော်ခဲ့ပြီး သဲနုန်းပို့ချမှုကို ပြန်လည်ဖယ်ရှား၍ ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နေသည့် ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံး တူးဖော်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်အကြီးအကဲ အာနန္ဒာဘုရားသို့ ဖူးမြော်ကြည်ညိုစဉ်က လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂံကမ္ဘာ့အမွေအနှစ် ဒေသအတွင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ကာလ ပျူပြားမင်းနန်းစံစဉ်ကတည်းက မြို့ရိုး၊ ကျုံးမြောင်းများနှင့်အတူ ရေတွင်း ရေကန်များ တူးဖော်ခဲ့ပြီး သဘာဝမြေမျက်နှာပြင် အနိမ့်အမြင့်ပေါ် မူတည်၍ အမြင့်ဆုံး တုရင်တောင်ခြေရှိ မြကန်မှ အလံပုဂံ၊ ၎င်းမှအလယ်ကန်၊ ၎င်းမှ လေးမျက်နှာကန်၊ ၎င်းမှ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန်စသည်ဖြင့် ရေကန်အဆင့်ဆင့်သို့ ရေစီးလမ်းများဖြင့် သွယ်ယူ၍ ပုဂံမြို့ ကျုံးအတွင်းထိ ရေသွယ်ယူစီမံခဲ့သည်ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းသုတေသနပြု၍ တူးဖော်ထိန်းသိမ်းမှု အခြေအနေ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှု မရှိစေရန် စစ်ဆေးအကဲဖြတ်မှု (HIA) အတိုင်း ဆောင်ရွက်မှု၊ ပြည်ပရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်ကိုပါ ဖိတ်ခေါ်၍နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပါ ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ကွင်းဆင်းလေ့လာ၍ အကြံပြု အကဲဖြတ်ခြင်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆိုပါ ရှေးဟောင်းရေကန်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့၏ အကူအညီဖြင့် စနစ်တကျဖော်ထုတ်နုန်းပို့ချထားသည်များကို ဆယ်ယူ၍ ဒေသခံများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေရရှိစေရန်နှင့် ရှေးဟောင်းရေစီမံမှုစနစ် ပြန်လည်အသက်ဝင်စေရန် စီမံ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ လေလွင့်မှု မရှိစေရန်နှင့် အရည်အသွေး ကောင်းမွန်သပ်ရပ်အောင် ဆယ်ယူထိန်းသိမ်းရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ပုဂံဒေသရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ အခက်အခဲဖြစ်နေသော သောက်ရေသုံးရေ၊ တိရစ္ဆာန်များနှင့် စိုက်ပျိုးရေများ သို့လှောင် အသုံးပြုနိုင်ရေးအတွက်လည်း အထောက်အကူ ဖြစ်စေရေးပါ ဆောင်ရွက်ပေးရန်နှင့် ရေရှည်အတွက်ပါ ဆက်လက်ထိန်းသိမ်းရေး စီမံပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားကြသည်။

## ရှင်းလင်းတင်ပြ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်သို့ ရောက်ရှိပြီး မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မည့် မြေနေရာသို့ သွားရောက်ခဲ့ရာ တာဝန်ခံအရာရှိက မြို့ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

# ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

ပဲခူး မေ ၂၉

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို မေ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သာယာဝတီမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၉ ခုမှ ပြည်သူ ၂၉၉ ဦး၊ လက်ပံတန်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၃ ခုမှ ပြည်သူ ၄၄၅ ဦး စုစုပေါင်း ၇၄၄ ဦး တက်ရောက်ပြီး လက်တွေ့ စမ်းသပ်မဲပေးလေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးနယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များကို ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တန်ဖိုးရှိသောဘဝနှင့် ဘဝကိုအဓိပ္ပာယ်ရှိရှိနေကြရအောင်ပါ

## ဒေါက်တာမြတ်မိုး

တန်ဖိုးရှိတဲ့ လူ့ဘဝတစ်ခုမှာ မိမိတို့ဘဝတွေကို ဘယ်လိုတန်ဖိုးထားသင့်ကြပါသလဲ၊ ဘဝရဲ့တန်ဖိုးတွေကို တိုးတက်အောင်မြှင့်တင်ပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင် ဖြတ်သန်းကြရမယ်မဟုတ်ပါလား.. ။

ဘဝရဲ့အဓိပ္ပာယ်ကို ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အရိပ်အခြည်မျှမက ယခုထက်ပိုပြီး တွေးဆသင့်တယ်လို့ မြင်မိပါတယ်။ မြတ်စွာဘုရားရဲ့အလိုအရ ကျွန်တော်တို့ဟာ ကံနဲ့ ကံရဲ့ အကျိုးအဖြစ် ပြုမူလိုက်တဲ့ စေတနာကံနဲ့စပ်ပြီး ဖြစ်တဲ့အကျိုးတရားကို ဘဝလို့ ယုံကြည်ထားပါတယ်။ ကံကြောင့် ရတဲ့ကမ္မဘဝနဲ့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာ ဥပပတ္တိဘဝရယ်လို့ ဆိုကြစို့ရဲ့၊ လွယ်လွယ်မှတ်ရင် ဘဝဆိုတာ ကံပါပဲ။ ကျွန်တော်တို့နေ့စဉ်ပြုမူမိနေတဲ့ သုစရိုက်၊ ဒုစရိုက်တွေဟာ ကမ္မဘဝတွေပဲ ဖြစ်ပါတယ်။ ယခုတိုက်ရိုက်ရထားတဲ့ဘဝက ကာမဘဝဖြစ်နေပြီး ကာမဘဝကို ဖြစ်စေတဲ့ ဥပါဒါန်ဟူသော အကြောင်းအကြောင်းတွေနဲ့အတူ ကံတွေလုပ်ခဲ့ကြလို့ပါပဲ။

လိုချင်လို့၊ စွဲလန်းလို့၊ အယူမှားတွေ စွဲစွဲလမ်းလမ်းလက်ခံမိလို့၊ မကောင်းတဲ့ အလေ့အကျင့်တွေကို စွဲစွဲမြဲမြဲလုပ်ခဲ့လို့၊ အတ္တကို တရားသေလက်ကိုင်ထားခဲ့ကြလို့ ဘာတစ်ခုမှ အကြောင်းမလှခဲ့ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားသာသနာနဲ့ ကြုံခိုက် အသစ်အသစ်တွေ တစ်ဘဝပြီး တစ်ဘဝ ပြောင်းနေတိုင်းမှာ တန်ဖိုးရှိမယ့် ဘဝတွေ တည်ဆောက်ခွင့်ရတာကိုက ကံကောင်းလွန်းလှပြီဟုသာ ဆိုရပါတော့မယ်။

### ကိလေသာတွေနဲ့

အများအတွက်အနစ်နာခံ ကိလေသာနည်းအောင်နဲ့ဘဝသံသရာမှလွတ်မြောက်ဖို့ ကြိုးစားအားထုတ်မှုအချို့ လေ့လာတွေ့ရှိရပေမယ့် အင်မတန်နည်းပါးပါတယ်။ လိုချင်လွန်းအားကြီးလို့ရပြီးတော့လည်း မပျက်စီးမယုတ်လျော့ရလေအောင် စောင့်ရှောက်ရပြန်တဲ့ ဒုက္ခတွေ၊ လောကကြီးကနေ မိမိအတွက်ဘာရမလဲ ဆိုတာပဲ အမြဲတွေး၊ မတရားရှာရ၊ ဖွေရတာတွေ၊ ကိုယ့်ပစ္စည်းတော့ မပေးချင် သူများပစ္စည်းတော့ ယူချင်တဲ့မတော်လောဘတွေ၊ ဒီဘက်ခေတ်မှာ ပေးဖို့ထက် ယူဖို့ကိုသာ အားသန်လာကြပြီ၊ သူများကိုပေးရတာကိုက အကျိုးမရှိလို့ မြင်သူတွေများလာကြပြီ။ ဒါကြောင့် အများအတွက်ထက် မိမိအတွက်ပဲ ကြည့်လာကြတယ်။ အများနဲ့အတူလုပ်ရတဲ့ အဖွဲ့လိုက်အလုပ်တွေမှာ အနစ်နာမခံလို တွက်ကတ်တတ်လာပြီး ရှောင်ဖယ်ရတာကိုက ဂုဏ်ယူစရာလို့ ထင်လာကြတယ်။

အနာခံဖို့ထက် အသာစံရဖို့က အဓိကဖြစ်လာခဲ့ရပြီ။ လိုချင်တာမရတော့ သူ့အကျိုးစီးပွားပျက်ကြောင်း တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြပေါ့။ မိမိရပိုင်ခွင့်အတွက် သူတစ်ပါးကို ဖျက်ဆီးဖို့ ဝန်မလေး၊ အမြီးကျက်အမြီးစား ခေါင်းကျက် ခေါင်းစား အပြိုင်အဆိုင် ကြိုးစားကြရင်း ရန်သူတွေဖြစ်ကြရ၊ တစ်ဖန် အမိအဘကို ပြစ်မှား၊ ဆရာသမားကိုလည်း စော်ကားရဲလာကြပြီ။ ဒီလိုပြစ်မှားလို့လည်း အကုသိုလ်ရဲ့ အကျိုးဆိုတာမရှိ အဓမ္မဝါဒအမျိုးမျိုးပါ တစ်စတစ်စပျံ့နှံ့လာသည်အထိ အယူမှားကုန်ကြတာ၊ ဒါကြောင့်လည်း အကျင့်တွေပျက်၊ သီလခက်၊ သိက္ခာတွေပါမဲ့လာကြတယ်ထင်ပါရဲ့။ စင်ကြယ်မှုဆိုတာ အလကား ကိုယ်လုပ်မှကိုယ်စားရ၊ မှန်မှန်မှားမှား ဂရုစိုက်စရာမလို အရှိတရား အလေးထား အသိတရားကို မျက်ကွယ်ပြုတတ်လာကြတာ။

> ❛ မြင့်မြတ်တဲ့အလုပ်နဲ့ ကိလေသာတိုးတဲ့အလုပ်နှစ်ခုကြား များစွာကွာဟတဲ့အတွက် ဖြည့်ဆည်းရန် အဓိကလိုအပ်နေတဲ့ အချက်နှစ်ချက်ကိုသာ ဦးတည်သင့်ပါတယ်။ မိမိအကျိုးထက် အများအကျိုးကို ပိုပြီးစဉ်းစားနိုင်ရန်နဲ့ ကိုယ့်ဘက်ကအသာစံရဖို့ထက် အနာခံတဲ့စိတ်တွေ ပွားများစေလိုရင်းဖြစ်ပါတယ်။ အများအကျိုးအတွက်ရည်ရွယ်ရင် အများရဲ့မေတ္တာကိုရပါတယ်။ လုပ်တဲ့အလုပ်မှာသာ ဘဝသံသရာက လွတ်မြောက်ပါစေ၊ သာသနာအတွက်ဖြစ်ပါစေဆိုတဲ့ ရေရှည်ရည်မှန်းချက်လေးထားလိုက်ရင်ကို ပညာပါတဲ့ ကုသိုလ်ဖြစ်သွားပါပြီ။ အသီးသီးဟာ လောကကြီးကိုမဆိုနဲ့ဦး၊ ကိုယ်နေထိုင်တဲ့ လူ့အဖွဲ့အစည်းလေးအတွင်းမှာပဲ အနစ်နာခံပြီး အများအတွက်ဆိုတဲ့ ခံယူချက်လေးနှစ်ခုကို ကြိုးစားအားထုတ်ဖြည့်ဆည်းရုံနဲ့ မိမိရဲ့အနာဂတ်ဘဝကော မိမိတို့လူ့အဖွဲ့အစည်းမှာပါ အထိုက်အလျောက် ငြိမ်းချမ်းသာယာလှပနေမှာ သေချာပါတယ် ❜

### သတိပညာနဲ့အတူ ဘယ်လိုစိတ်ကောင်းထားသင့်ပါသလဲ

ကောင်းတဲ့ကံတွေ ထူထောင်ရင် ကောင်းတဲ့ဘဝရောက်မယ်၊ မကောင်းတာတွေလုပ်မိရင် မကောင်းတဲ့ဘဝရောက်ကြရလိမ့်မယ်လို့ ရိုးရိုးလေး သိထားကြပေမယ့် သတိမရှိတော့လည်း လုပ်မိကြပြန်တယ်။ တချို့ကလည်း မသိလို့ တစ်နည်း ပညာမဲ့လို့ပေါ့။ အကောင်းအဆိုး၊ အကြောင်းအကျိုး အတုအစစ်၊ အကျိုးအပြစ်မသိ ကုသိုလ်အကုသိုလ် မသိ၊ ဒုစရိုက်၊ သုစရိုက်မသိ၊ မဟုတ်တာကိုအဟုတ်ထင်၊ မှန်တာကို အမှန်မထင်မှုတွေက လုပ်မိရာရာလုပ်မိတတ်ကြတယ်။

ကုသိုလ်ကို ကုသိုလ်မှန်းမသိတာက တော်ပါသေးတယ်၊ အကုသိုလ်ကို အကုသိုလ်မှန်းမသိတာက ပိုဆိုးတာပေါ့။ ဒါကြောင့် “လူတော်အများ စိတ်ကောင်းထားလည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်၊ ထိုထိုဘုံဘဝ မသိရ၊ များလှအပြစ်တွေ” ဟု ဆရာတော်ကြီးများက မိန့်တော်မူခြင်းဖြစ်ကြောင်း နာကြားခဲ့ရဖူးပါတယ်။ ပညာအသိနဲ့အတူ ကိုယ့်ရဲ့လုပ်ငန်းအပေါ်မှာ ဘယ်လိုနှလုံးသွင်းရမယ်၊ ဘယ်လိုစိတ်ကောင်းထားဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို ဆရာတော်ကြီးများက ထောက်ပြခဲ့ခြင်းဖြစ်ပါတယ်။ ထိုအခါ သတိနဲ့ပညာဟာ မိမိဘဝအတွက် အလွန်အရေးကြီးကြောင်းနဲ့ တရားအသိတိုးသည်ထက်တိုးဖို့ လိုအပ်လာကြောင်းလည်း အလေးအနက်ထားမိလာပြန်တယ်။

သတိမရှိတဲ့စိတ်ဟာ မောဟဖြစ်နေပါတယ်။ ထို့ကြောင့် သတိရှိခြင်းက အသိဉာဏ်ကိုတိုးစေသလို စိတ်ရဲ့အရည်အချင်းတစ်ခုလည်းဖြစ်လာပါတယ်။ သတိရှိနေရင် ကိုယ်ဘာလုပ်နေသလဲ၊ ဘာတွေးနေသလဲ သိနေပါတယ်။ သတိနဲ့ ဉာဏ်ပညာနှံ့နဲ့ကြတဲ့အခါ လောဘ၊ ဒေါသ၊ မောဟတွေ ထူပြောလာပြီး မာနတွေပြိုင်၊ မနာလိုဝန်တိုမှုတွေ ဖြစ်ကြရတယ်၊ ယုံမှားသံသယတွေဝင်ကြတယ်၊ အယူမှားပြီးတွေဝေမိုက်မဲကြတယ်၊ အရှက်အကြောက်မရှိလုပ်ရဲကိုင်ရဲလာကြတယ်။ ယခုခေတ်ကာလများကိုပဲကြည့်ပါ။

စစ်မက်ဘေး ကိုဗစ်ကပ်နဲ့ ကင်ဆာတို့လို ရောဂါဆိုးတွေ၊ တောမီးလောင်၊ ငလျင်၊ ရေကြီး စတဲ့ သဘာဝဘေး၊ အငတ်ဘေးကပ်ကြီးများက မကြုံစဖူး ကမ္ဘာတစ်ဝန်း ခြေဆန့်နေပြီဖြစ်ပါတယ်။ ယနေ့ခေတ်လူတွေမှာ အတွင်းအပြင် ပဋိပက္ခနဲ့ ဖိစီးမှုတွေက ပိုများလာတယ်။ မိမိကချည်း အသာရလိုစိတ်နဲ့ စိတ်ထားညံ့သူတွေချည်း ပြိုင်ကြဆိုင်ကြတဲ့ ဝန်းကျင်မှာ ငြိမ်းချမ်းမှုမရှိတာ မဆန်းပါဘူး။ နောက်ဆုံးပျက်စီးမှုတွေနဲ့သာ ပူလောင်ကြရပြီး လူတွေရဲ့သက်တမ်းလည်း တဖြည်းဖြည်းတိုတောင်းလာတာတွေ့ရတယ်။

ထိုမျှမက ရှည်လျားလှတဲ့ သံသရာခရီးရှည်ကြီးမှာ ဘဝပေါင်းများစွာအတွက် မစဉ်းစားဘဲ တစ်ဘဝစာပဲ စဉ်းစားကြလို့ဖြစ်ပါလိမ့်မယ်။ မြင်အောင်ကြည့်ရင် ကိုယ့်ထက်ဒုက္ခရောက်ဆင်းရဲနေရသူတွေ၊ ကရုဏာထားရမယ့်သူတွေ ပတ်ဝန်းကျင်မှာ အများကြီးရှိသလို သူလိုကိုယ်လို မေတ္တာထားရမယ့်သူတွေလည်း များစွာရှိနေပါတယ်။ မေတ္တာဆိုတာ သူတစ်ပါးကို အဆင်ပြေပါစေဆိုတဲ့စိတ်နဲ့ သူ့အကျိုးကို လိုလိုလားလား ဆောင်ရွက်ပေးတတ်တဲ့တရားမို့ အခုလို အများအကျိုး အဓိကထားသူတွေဟာ မေတ္တာပါရမီရှိသူတွေပါပဲ။ မချစ်မမုန်း၊ ချမ်းသာဆင်းရဲကြား အလယ်အလတ်သဘောထား ရှိတာနဲ့ မရှိတာအကြား၊ အပူနဲ့အအေးကြား တစ်တန်းတည်းထားနိုင်သူတွေဟာ ဥပေက္ခာပါရမီ ရင့်သန်သူတွေဖြစ်ကြပြီး တကယ်လည်း အဂတိတရားကင်းသူတွေလည်း ဖြစ်နေတတ်ပါတယ်။

ဥပေက္ခာသဘောဟာ သည်းခံခြင်း၊ ခန္တီနှင့်လည်း ဆက်စပ်တယ်ဆိုတာ လေ့လာမိတယ်။

### ဘာလုပ်လုပ် ဘာစိတ်နဲ့ လုပ်နေသလဲဆိုတာက အရေးကြီး

ဒါတွေအားလုံး လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတရားဆိုးတွေကြောင့်ဖြစ်ရတာ။ ဘာလုပ်လုပ် မိမိဘာစိတ်နဲ့ လုပ်နေသလဲဆိုတဲ့အချက်က အရေးကြီးပါတယ်။ ကုသိုလ်စိတ်နဲ့လား၊ အကုသိုလ်စိတ်နဲ့လားပေါ့။ မိမိထားလိုက်တဲ့ ကုသိုလ်၊ အကုသိုလ်စိတ်အပေါ်မှာသာမူတည်ပြီး ကုသိုလ်၊ အကုသိုလ်ကံမြောက်သွားခြင်း ဖြစ်ပါတယ်။ စိတ်မှာသတိရှိပြီးနေလိုက်ခြင်းက ချမ်းသာခြင်းအစစ်ကို ပေးတဲ့အတွက် ကိုယ်ထားလိုက်တဲ့စိတ်ကပဲ မိမိကို မိတ်ဆွေ သို့မဟုတ် ရန်သူအဖြစ် ရောက်သွားစေတာပါ။

ထိုစိတ်နှစ်ခု ကွဲကွဲပြားပြားနဲ့ ခွဲခြားနိုင်ဖို့က သတိတစ်ခုက အရေးကြီးကြောင်းတော့ သိပြီးဖြစ်မှာပါ။ ဒါကြောင့်လည်း သတိဆိုတဲ့တရားလေးတစ်ခု ထူထောင်ဖို့ ဘဝနာအတွက် အချိန်ပေး၊ နေရာပေး သတိပဋ္ဌာန်နည်းအားဖြင့် ကြိုးစားအားထုတ်ကြခြင်း ဖြစ်ဟန်တူပါတယ်။ ရလာတဲ့အကျိုးတရားက သတိအပြင် ဝီရိယပါထားတတ်လာခြင်းပါ။ ဝီရိယရဲ့အကျိုးကျေးဇူးက မဖြစ်သေးတဲ့အကုသိုလ် မပြုဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ် ဆက်ပြီးမဖြစ် ပယ်သတ်နိုင်အောင်၊ ပြုပြီး ကုသိုလ် ဆက်ပြီးတည်တံ့တိုးပွားအောင်၊ မပြုရသေးတဲ့ကုသိုလ် ပြုဖြစ်သွားအောင် လုံ့လ၊ ဝီရိယစိုက်ထုတ်ခြင်းဆိုတဲ့ စိတ်စွမ်းအားကို ပေးပါတယ်။ ဒါန၊ သီလ၊ ဘဝနာကုသိုလ်အလုပ်တွေမှာ လှူပြီးရင်းလှူ ဆောက်တည်ပြီးရင်း ဆောက်တည်၊ ပွားပြီးရင်းပွားနေတဲ့ ကုသိုလ်အလုပ်တွေဟာ ဝီရိယကြောင့်ပါပဲ။

ဒါကြောင့်ပဲ အချို့သောပါရမီရှင် (အများအတွက်၊ သံသရာအတွက်၊ သာသနာအတွက် မြင့်မြတ်သောအလုပ်ကိုလုပ်သူ) တွေဟာ မိမိရဲ့ခန္ဓာအသက်ကိုပင်မငဲ့ဘဲ ဒါန၊ သီလ၊ ဘဝနာအလုပ်တွေကို အားထုတ်ကြခြင်းဖြစ်ပါတယ်။ သူတို့ဟာ လောကအပေါ်သစ္စာရှိပြီး လောကအကျိုးအတွက် အဓိဋ္ဌာန်ထားသူတွေပါ။ ဆင်းရဲသူ၊ ပစ္စည်းဥစ္စာချို့တဲ့သူ၊ ငယ်ရွယ်သူကို ဘယ်လိုအကြောင်းပဲရှိရှိ၊ မိမိထက်နိမ့်ပါးသူအဖြစ် သဘောထားပေးကမ်းစွန့်ကြဲခြင်းဟာ သူတော်ကောင်းတို့ရဲ့ စိတ်နေသဘောထားတွေပါပဲ။ မိမိထက် အသက်ကြီး ကျေးဇူးရှိဖူးသူကို ဆရာသမား၊ မိဘလိုသဘောထား၊ ဂါရဝထားကန်တော့ခြင်းဟာလည်း မြင့်မြတ်တဲ့အလုပ်တွေပဲဖြစ်ပြီး ကျေးဇူးသိတတ်ခြင်းဟာ ကုသိုလ်စိတ်လို့ ဆရာတော်များ ဟောကြားချက်များစွာ ရှိပါတယ်။ ဘယ်လို ကုသိုလ်ကောင်းမှုပင်ဖြစ်ပါစေ၊ သံသရာမှလွတ်မြောက်ကြောင်း သံသရာအတွက်ရည်မှန်းမှသာလျှင် ဉာဏ်နဲ့ယှဉ်တဲ့ ပါရမီမြောက်ကြောင်းကို မှတ်သားနာယူဖူးပါတယ်။

ဒီဆောင်းပါးရဲ့လိုရင်းအနှစ်သာရကတော့ ဆရာတော်ကြီးများရဲ့ ဓမ္မတရားများကို နာယူသင်ကြားပြီး ရရှိလာတဲ့ အသိတွေနဲ့အတူ မိမိတို့လက်ရှိပစ္စုပ္ပန်ဘဝမှာ ပိုင်ဆိုင်ထားတဲ့ ဘဝတန်ဖိုးကို အဓိပ္ပာယ်ရှိရှိ အသုံးချစေချင်တာပါပဲ။ အတိတ်ကံကောင်းလို့ ရခဲလှတဲ့လူ့ဘဝမှာ ကိလေသာတရားဆိုးတွေကို တတ်နိုင်သမျှလျှော့ချပြီး မြင့်မြတ်တဲ့ စိတ်ထားကောင်းနဲ့ မြင့်မြင့်မြတ်မြတ်အလုပ်တွေကို လုပ်သွားနိုင်အောင် ထပ်ဆင့်မျှဝေရခြင်းဖြစ်ပါတယ်။

မြင့်မြတ်တဲ့အလုပ်နဲ့ ကိလေသာတိုးတဲ့အလုပ်နှစ်ခုကြား များစွာကွာဟတဲ့အတွက် ဖြည့်ဆည်းရန် အဓိကလိုအပ်နေတဲ့ အချက်နှစ်ချက်ကိုသာ ဦးတည်သင့်ပါတယ်။ မိမိအကျိုးထက် အများအကျိုးကို ပိုပြီးစဉ်းစားနိုင်ရန်နဲ့ ကိုယ့်ဘက်က အသာစံရဖို့ထက် အနာခံတဲ့စိတ်တွေပွားများစေလိုရင်းဖြစ်ပါတယ်။ အများအကျိုးအတွက်ရည်ရွယ်ရင် အများရဲ့ မေတ္တာကိုရပါတယ်။ လုပ်တဲ့အလုပ်မှာသာ ဘဝသံသရာကလွတ်မြောက်ပါစေ၊ သာသနာအတွက်ဖြစ်ပါစေဆိုတဲ့ ရေရှည်ရည်မှန်းချက်လေး ထားလိုက်ရင်ကို ပညာပါတဲ့ ကုသိုလ်ဖြစ်သွားပါပြီ။ အသီးသီးဟာ လောကကြီးကိုမဆိုနဲ့ဦး၊ ကိုယ်နေထိုင်တဲ့ လူ့အဖွဲ့အစည်းလေး အတွင်းမှာပဲ အနစ်နာခံပြီး အများအတွက်ဆိုတဲ့ ခံယူချက်လေးနှစ်ခုကို ကြိုးစားအားထုတ်ဖြည့်ဆည်းရုံနဲ့ မိမိရဲ့အနာဂတ်ဘဝကော မိမိတို့လူ့အဖွဲ့အစည်းမှာပါ အထိုက်အလျောက် ငြိမ်းချမ်းသာယာလှပနေမှာ သေချာပါတယ်။

ကပ်ဆိုးဘေးဆိုးတွေကို ရှောင်လို့ရနိုင်တော့မှာမဟုတ်ပေမယ့် ကုသိုလ်ကောင်းမှုတွေ များများလုပ်ကြရင်တော့ တစ်လောကလုံးအတွက်မဟုတ်တောင် မိမိလူ့အဖွဲ့အစည်းလေးကိုတော့ ပြင်နိုင်ပါသေးတယ်။ လက်တွေ့ကျကျနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ကတော့ ယနေ့ မြင်နေ၊ တွေ့နေရတဲ့ လူကြီးသက်လတ်နှောင်းလူတွေထက် မိမိတို့သားသမီးအရွယ် အပြစ်ကင်းရိုးသားပရိယာယ်မာယာကင်းတဲ့ စာမျက်နှာ ၉ သို့ ❖

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်လှစ်

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




**အရေးကြီးသည့်ကဏ္ဍကြီးများဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် မေ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ် လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန်၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက် ယဉ်ကျေးမှုထွန်းကားရေး လုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားချက်ကို ယနေ့ သင်တန်းတက်ရောက်လာကြသည့် သင်တန်းသားများက အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် စာဖတ်ခြင်းကို အလေးထားပါကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးသည် များပြားသည့်အတွက် စာဖတ်ရှိန်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လူငယ်၊ ပညာရေးကဏ္ဍနှင့် စာကြည့်တိုက်သည် အရေးကြီးသည့် ကဏ္ဍကြီးများဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုသည် အရေးကြီးသကဲ့သို့ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရေးသည်လည်း အရေးကြီးသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သင်တန်းနှစ်စဉ်ဖွင့်လှစ်၍ ဝန်ထမ်းများအား လေ့ကျင့်ပေးမှု အားကောင်းသည့်ဌာနအဖြစ်လည်း အသိအမှတ်ပြုပါကြောင်း၊ ဌာန၏ လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ဦးတည်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (၁/၂၀၂၄) ကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များသည် ဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွေ့အသုံးပြုရမည့် ဘာသာရပ်များကို ထည့်သွင်းရေးဆွဲပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည်အထိ သင်ယူပြီး မိမိတို့နှင့်အတူ လက်တွဲထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးအရာရှိ ၃၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလိုက်ချောင်းတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းနှင့် ကန်တော်မင်္ဂလာရှမ်းကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေထီးတော်ကြွခိုင်မှု စစ်ဆေးရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

**စေတီတော်မြတ်ကြီး ရေရှည်တည်တံ့စေရေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြွခိုင်မှုအား စစ်ဆေးရန်အတွက် ရွှေထီးတော်ကြွခိုင်မှု စစ်ဆေးရေးဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စေတီတော်မြတ်ကြီး ထီးတော်စစ်ဆေးခြင်း မဆောင်ရွက်ရသည်မှာ ၁၀ နှစ်တာကာလခန့် ကြာမြင့်နေပြီဖြစ်သည့်အတွက် ထီးတော်စစ်ဆေးရန်ဖွဲ့စည်းပေးထားသည့်အဖွဲ့အနေဖြင့် ချမှတ်ပေးထားသည့်လုပ်ငန်းတာဝန်များအလိုက် သေသေချာချာ စစ်ဆေးကြရန်လိုအပ်ကြောင်း၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့စေရေးအတွက် ထပ်မံတိုးမြှင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြင်ဆင်ရမည့်လုပ်ငန်းများရှိပါက စနစ်တကျ တင်ပြဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က အလှူငွေရရှိမှုကို လည်းကောင်း၊ ရွှေထီးတော်ကြွခိုင်မှု စစ်ဆေးရန် စစ်ဆေးရေးဆပ်ကော်မတီအတွင်းရေးမှူး ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဦးထွန်းကြည်နှင့် ဆပ်ကော်မတီအဖွဲ့ဝင် ဦးအောင်မြတ်(ပညာရှင်) မြန်မာ့သဘောကျင်းလုပ်ငန်း(ငြိမ်း)တို့က လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အမှတ်(၈၅) တံတားအနီး ငလိုက်ချောင်းတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ငလိုက်ချောင်း ချောင်းကမ်းပါးများတွင် မြေယာရှုခင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တ ကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်စေလိုကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော မြန်မာမှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်အား အမြဲမပြတ် သန့်ရှင်းစေရေး စနစ်တကျ ဆောင်ရွက်ရန်၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ထိထိရောက်ရောက်ဖြင့် အကျိုးသက်ရောက်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၈ မှ

ကလေးသူငယ် အနာဂတ်မျိုးဆက်တွေကို ဦးစားပေးပစ်မှတ်ထား အချိန်မီ သင်ကြားလေ့ကျင့် ပြုစုပျိုးထောင်ပေးရမယ့် အချိန်တန်ပြီဆိုတဲ့အချက်ပါပဲ။

သင်ကြားရေးနဲ့အတူ စိတ်ဓာတ်ရေးရာတွေကိုပြင်ပြီး အများအကျိုးအတွက် အနစ်နာခံမယ့် ပါရမီရှင်မျိုးဆက်တွေကို မွေးထုတ်ဖို့ အသင့်ဖြစ်ရပါတော့မယ်။ ယူဖို့လွယ်ပြီး ပေးဖို့ခက်တတ်ကြတဲ့အတွက် အနစ်နာခံတတ်ဖို့နဲ့ အများအကျိုးအတွက် လုပ်ကိုင်ခြင်းဆိုတာ အတော်မလွယ်ကူတဲ့အလုပ်ပါ၊ အချိန်များစွာယူပြီး လေ့ကျင့်ယူရတဲ့ သဘောရှိပါတယ်။ စိတ်ရဲ့အရည်အချင်းတွေနဲ့ မြင့်မြင့်မားမားလုပ်ကြမှသာ ကိုယ်လုပ်တဲ့အလုပ်ဟာ ကုသိုလ်ဖြစ်ပြီး သံသရာတစ်လျှောက် ကောင်းသောအကျိုးတွေရရှိနိုင်မှာ မဟုတ်ပါလား။ အများအတွက်ဖြည့်ဆည်းလျက် မရပ်တန့်တဲ့မိမိတို့ရဲ့ဘဝတွေမှာ ယခုဘဝသာမက နောင်နောင်ဘဝတွေအထိပါ ကောင်းသောအကျိုးသက်ရောက်မယ့် ပစ္စုပ္ပန်ကုသိုလ်ကံတွေကို ဝီရိယထား ထူထောင်ပြီး အလင်းကနေအလင်းကို ရွှေ့နိုင်အောင်ကြိုးစားကြရပါတော့မယ်။

ယခုရရှိနေတဲ့ဘဝကို ကုသိုလ်တရားနဲ့အလှဆင်နိုင်မှသာ ဘဝရဲ့တန်ဖိုးဟာ မြင့်လာမှာပါ။ အမှန်က မိမိတို့အသက်ရှင်နေသမျှ ပြုနေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကုသိုလ်မြောက်အောင် သတိဆိုတဲ့တရားနဲ့ ကာရံထားနိုင်ရင် အကုသိုလ်ဆိုတာ ဝင်နိုင်ဖို့မလွယ်ပါဘူး။ ယခုလို နှစ်ခြမ်း၊ သုံးခြမ်းကွဲနေတဲ့ ကမ္ဘာကြီးနဲ့ လူ့အဖွဲ့အစည်းတွေမှာ တူရာတူရာစုကြစတမ်းဆို အနာခံပြီး အများအတွက် လုပ်တတ်ကြတဲ့ ကုသိုလ်ရေးများတဲ့ မြင့်မြတ်သူတွေဘက်မှာသာ ပါပြီး လောကကြီးအတွက် မိမိတို့ရဲ့ဘဝတွေကို စတေးနိုင်အောင် ခံယူကြပါစို့လား။ သို့မှသာ သံသရာမှ လွတ်မြောက်ကြောင်း အထောက်အပံ့ကောင်းလေးတစ်ခုကို မလွဲဧကန် ရရှိလာနိုင်မှာဖြစ်ပါတယ်။

**(အများအတွက်အနစ်နာခံ၊ ဘဝသံသရာမှ လွတ်မြောက်ရန်နဲ့ သာသနာအတွက် ရည်သန်ကြိုးစားအားထုတ်နေကြသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာတော် သံဃာတော်များ၊ ဆရာ ဆရာမများအား ရိုသေလေးစား ဂါရဝပြု ကန်တော့အပ်ပါသည်။ )**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင် စက်ရုံ/အလုပ်ရုံများနှင့် ဌာနရမ်းစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၉

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများနှင့် ဌာနရမ်းစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ ထို့ပြင် စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများ၊ စိုက်ကွင်း/စိုက်ခြံတာဝန်ခံများသည် Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရပ်နားလျက်ရှိသည့် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေးစီမံဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် စက်မှုဝန်ကြီးဌာနရှိ ရပ်နားခဲ့သည့် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများကို ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ ယခုဘဏ္ဍာရေးနှစ်တွင် အားနည်းချက်များ လျော့နည်းအောင်နှင့် အားသာချက်များ ပိုမိုရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ၊ စက်ပစ္စည်း၊ ကုန်ကြမ်း သွင်းအားစု၊ နည်းစဉ်၊ သဘာဝပတ်ဝန်းကျင်၊ အရည်အသွေး စသည့်အချက်များကိုအခြေခံ၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများသည် ပြည်သူလူထု လိုအပ်သော အခြေခံကုန်ပစ္စည်းများကို ထုတ်လုပ်နေခြင်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောသွင်းအားစုများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်းထားရမည့်အပြင် စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း စီမံချက်များရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံအလိုက်ရှိပြီးဖြစ်သည့် နည်းပညာများ၊ စက်နှင့်စက်ပစ္စည်းများကို အကျိုးရှိအောင် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ်များသည် လွန်စွာအရေးကြီးကြောင်း၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာန/ လုပ်ငန်းများရှိ စီမံခန့်ခွဲရေးအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းပြီး အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျမှုရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို မှန်မှန်ကန်ကန် သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ အရှုံး/အမြတ်အခြေအနေများနှင့်စပ်လျဉ်း၍ သုံးသပ်ချက်များကိုလည်းကောင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စက်ရုံများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ အရှုံး/အမြတ်အခြေအနေ၊ သုံးသပ်ချက်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ တက်ရောက်လာသူများက နိုင်ငံပိုင်စက်ရုံများ အောင်မြင်စွာလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၉

(၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ (အပေါ်ထပ်)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၉ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗိုဗီနမ်နှင့် ရေကူးအားကစားနည်းနှစ်နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အဆင့်အတန်းမီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲကာလ နီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများ ထိခိုက်ဒဏ်ရာမရရှိစေရန် နည်းပြများက အနီးကပ် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမား ၂၁ ဦးကို စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသည် အခြေခံပညာအဆင့် ကျောင်းသားများသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် ထိုက်သင့်သည့်ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသုံးအားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၉

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



# ငပုတောမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ငပုတော မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ငပုတောမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့တွင် ငပုတောမြို့နယ် မန်ကျည်းပင်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဖြစ်သည့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန်ကျည်းပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အမျိုးသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူ သက်ကြီးဘိုးဘွားများအား ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိကိုင်ဆောင်စေရေးအတွက် ငပုတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ ဝန်ထမ်းများက တစ်အိမ်တက်ဆင်း (အခမဲ့) ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်းလူရည်ချွန်စခန်း(ချောင်းသာ)မှ ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များ ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

ပုသိမ် မေ ၂၉

ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်းလူရည်ချွန်စခန်း (ချောင်းသာ)မှ ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များသည် ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ဂုဏ်ပြုညှော့်ခံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



**ဖူးမြော်ကြည်ညို**

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် နံနက်ပိုင်းတွင် ပုသိမ်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြပြီး အလှူငွေများ စုပေါင်းလှူဒါန်းကြရာ ဂေါပကအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ဂေါပကအဖွဲ့က စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းအားရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ပုသိမ်မြို့ တောရကျောင်းလမ်းရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းမှ တိုင်းဒေသကြီး၏အထိမ်းအမှတ် မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီးလုပ်ငန်းခွင်သို့လည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၁)ကြိုးတံတားအနီး ပုသိမ်-ချောင်းသာကားလမ်းဘေးရှိ ရွှေမြင်းပုသိမ်ဟာလဝါ၊ သူဌေးမုန့်အရောင်းဆိုင်နှင့် ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းသို့လည်းကောင်း သွားရောက်၍ ဟာလဝါပြုလုပ်ပုံအဆင့်ဆင့်နှင့် ထုပ်ပိုးနေမှုလုပ်ငန်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လိုက်လံလေ့လာခဲ့ကြသည်။

ထိုသို့ လာရောက်လေ့လာနေကြသည့် လူရည်ချွန်မောင်မယ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ခဲ့ပြီး လူရည်ချွန်ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာ လေ့လာနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ကမ္ဘာ့အလုပ်သမားနေ့အထိမ်းအမှတ် (MSMEs) လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များနှင့် ဈေးရောင်းပွဲတော်အား ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဆက်လက်ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး လူရည်ချွန်မောင်မယ် တစ်ဦးချင်းစီအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ Grade-11 လူရည်ချွန်တစ်ဦးနှင့် Grade-12 လူရည်ချွန်တစ်ဦးစီက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လူရည်ချွန်မောင်မယ်များနှင့် ရင်းရင်းနှီးနှီး နေ့လယ်စာများ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများ ဖူးမြော်လေ့လာ



ညောင်ဦး မေ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများကို ဒုတိယနေ့ ဆက်လက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇကဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ တာမဏီသိမ်ကျောင်း၊ ရွှေဆံတော်ဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများကို မန္တလေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသားကျောင်းသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားကြီးများသမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့် မင်းများနှင့် ရှေးဟောင်းအဂ္ဂတေပန်းများ၊ ဗိသုကာလက်ရာများအကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ဘုရားများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များကို ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❂ မြန်မာမှ

အလားတူ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားတွင်လည်း ပို့ကုန်၊ သွင်းကုန်များအား ပုံမှန်ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံဆောင်ရွက်ပေးသွားနိုင်ရေးတို့ကို အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအား ပုံမှန်ဆောင်ရွက်သွားနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖွင့်လှစ်ပေးထား**

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ခရီးသည်ပို့ဆောင်ရေးယာဉ်ငယ်များနှင့် တစ်ဖက်နိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် လုပ်သားများ အဆင်ပြေချောမွေ့စွာ ပြန်လည်သွားလာနိုင်ရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်တံတားဖွင့်ချိန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထား၍ နေ့စဉ်အားဖြင့် လူဦးရေ ၃၀၀၀ ခန့် အဝင်အထွက်ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် လာမည့် မေ ၁ ရက်မှစတင်၍ နယ်စပ် အမှတ်(၁)ချစ်ကြည်ရေးတံတား အဝင်အထွက်ဂိတ်များမှ TBP /BP လက်မှတ်များကို ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအပြင် UID ကိုင်ဆောင်ထားသူများသာ လက်မှတ်များထုတ်ပေးမည်ဖြစ်ကြောင်း ပြည်သူများထံသို့ သက်ဆိုင်ရာဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ပေးထားကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ငွေဆောင်လူရည်ချွန်စခန်း ကောဒသမတန်း လူရည်ချွန် မောင်မယ်များ ပင်လယ်ကမ်းခြေ၌ အနားယူအပန်းဖြေခြင်း၊ ရေကူးခြင်း ပြုလုပ်

ငွေဆောင် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်လူရည်ချွန်စခန်းသို့ အပန်းဖြေခရီးရောက်ရှိနေကြသည့် ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များသည် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းပြေစေရန်အတွက် ယနေ့ ညနေပိုင်းက ယမုံနာဦးဟိုတယ်ရှေ့ ပင်လယ်ကမ်းခြေ၌ ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို လူရည်ချွန်စခန်း (ငွေဆောင်) စခန်းမှူး၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက ဦးဆောင်ကာ ကာယဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးတို့က ယမုံနာဦးဟိုတယ်ရှေ့ သဲသောင်ပြင်တွင် ဘောလုံးကန်ခြင်း၊ ဘော်လီဘောပုတ်ခြင်းတို့အပြင် ရေကူးခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းတို့ကို ပျော်ရွှင်စွာ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တောင်ကြီးမြို့ လူရည်ချွန်စခန်းတွင်ရောက်ရှိနေသော ဒသမတန်း လူရည်ချွန်မောင်မယ်များ ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ ရောက်ရှိလေ့လာ

**တောင်ကြီး ဧပြီ ၂၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့ လူရည်ချွန်စခန်းရှိ ဒသမတန်း လူရည်ချွန် မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် စုရပ်စခန်းမှ ထွက်ခွာပြီး နံနက် ၉ နာရီတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက အလံငယ်များဝှေ့ယမ်း၍ လည်းကောင်း၊ အိုးစည်ဗုံမောင်းများတီးမှုတ်၍ လည်းကောင်း၊ ရိုးရာအကများဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

**လေ့လာကြည့်ရှု**

အဆိုပါ လူရည်ချွန်မောင်မယ်များသည် ရွှေဥမင်သဘာဝ လိုဏ်ဂူဘုရားရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွားတော်များ၊ သမိုင်းဝင်ရှေးဟောင်းနေရာများ၊ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ ကျောက်စည်၊ ကျောက်မောင်း၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်များ၊ သဘာဝအလျောက် ဖြစ်တည်နေမှုများကို လေ့လာကြည့်ရှုကြရာ ဘုရားဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးခဲ့ကြသည်။



ထို့နောက် လူရည်ချွန်မောင်မယ်များသည် ပင်းတယမြို့ အထင်ကရနေရာတစ်ခုဖြစ်သည့် ပုန်းတလုတ်ရေကန်အား လေ့လာလည်ပတ်ခဲ့ကြပြီး ပြန်လည်ထွက်ခွာကြရာ လူရည်ချွန်စခန်း ဖွင့်လှစ်ထားသည့် အထက(၁) တောင်ကြီးသို့ ပြန်လည်ရောက်ရှိပြီး ခေတ္တရပ်နားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကြီးများနှင့် မျိုးဆက်သစ်လူရည်ချွန် မောင်မယ်များ ဆွေးနွေးပွဲကို အထက(၁)တောင်ကြီး ဒေါ်ခင်သိန်းခန်းမ၌ပြုလုပ်ရာ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများဖြစ်ကြသည့် လေးထပ်ကွမ်း လူရည်ချွန် ဒေါ်သန်းသန်းဝင်း၊ သုံးထပ်ကွမ်း လူရည်ချွန် ဒေါက်တာသူဇာရှိန်၊ သုံးထပ်ကွမ်းလူရည်ချွန် ဒေါ်နန်းသန်းကြည်၊ နှစ်ထပ်ကွမ်းလူရည်ချွန် ဒေါ်နန်းမေသောင်းခင်၊ ဒေါ်နန်းအေးခင်မြင့်နှင့် ဒေါ်သီတာဦးတို့က အသီးသီး မိတ်ဆက်နှုတ်ခွန်းဆက်စကားပြောကြားကြပြီး လူရည်ချွန်လေးများသည် အစုအဖွဲ့များခွဲပြီး စုပေါင်းဂိမ်းကစားခြင်း၊ ဥဏ်စမ်းပဟေဠိဖြေဆိုခြင်း၊ လူရည်ချွန်ကြီးများက အမှတ်တရ မေတ္တာလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသားသင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၇၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မိတ္ထီလာမြို့ရှိမြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မကွေးမြို့ရှိ မကွေးသင်တန်း စခန်းမှ သင်တန်းသား ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေ အသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ် သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ကျောင်းကုန်း ဧပြီ ၂၉**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ လာမည့် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်တို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦး စုစုပေါင်း ၂၄ ဦးတို့ သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## ကော့မှူးမြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ကော့မှူး ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း အထက(ကော့မှူး)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကော့မှူးမြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးလှမင်းက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေးခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများအား ကမ္ဘာမြေထိန်းသိမ်းခြင်းဆိုင်ရာအခြေခံနည်းလမ်းများ စာအုပ်နှင့် အသိပညာပေးလက်ကမ်း စာစောင်များကို သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်ပြီး တံတားမြို့နယ် ဘုရားကြီး ပျိုးဥယျာဉ်သို့ သွားရောက်ပြီး သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၃၈၅/၂)အနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၃ ဒသမ ၁၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၁၁၈၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၁၁၈၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ Nissan X-Trail ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ Felicity Solar Lithium Iron Phosphate Battery လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Clear Float Glass ၃၄၄၆ ဒသမ ၂၆ စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၁၉၇၅၄၇၂ ကျပ်) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၂၄၉၇၅၄၇၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ မြို့ရှောင်လမ်းအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Plastic Tube ၈၈၅ ကီလိုဂရမ်၊ 108 Detergent ဆပ်ပြာမှုန့်ထုပ် ၄၈၀၊ Yum Yum ခေါက်ဆွဲခြောက်ထုပ် ၄၅၀၀ နှင့် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၆၀၀၀၊ တရုတ်နိုင်ငံထုတ် Billions Titanium Dioxide အိတ် ၂၅၀၊ Safety Shoes ဖိနပ်အရန် ၅၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Condor သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၆၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook and Lobster ငါးငံပြာရည်ပုလင်း ၃၆၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တရားမဝင် အခြားသစ် (မီးသွေး) ၁၂ ဒသမ ၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၄၉၆၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေ ၃၃၉၄၉၆၉၃၂ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကွန်ဟိန်းနှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



စိုင်းထွန်းလှနှင့် အိုက်ရီအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ညနေ ၆ နာရီတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာ အနီးတွင် မိုင်းပျဉ်းဘက်မှ ကာလိဘက်သို့ စိုင်းထွန်းလှ မောင်းနှင်ပြီး အိုက်ရီ လိုက်ပါလာသည့် CROWN အမျိုးအစားယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၁၂ ဒသမ ၇ ကီလိုကိုလည်းကောင်း၊ အလားတူ မေ ၂၈ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စု ကျူရုံးကွက်သစ်ရှိ စိုင်းနောင့်(ခ)စိုင်းခေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများရဲ့ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ မြဝတီက အပြစ်မဲ့စစ်ဘေးရှောင်မိသားစု”** ခေါင်းစဉ်ဖြင့် ၁-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားကိုးကွယ်ရာဖြစ်သည့် အလောင်းတော် ကဿပဘုရားကိုတောင် မိုင်းခွဲ၊ ရွှေခွာလုပ်လာကြတဲ့ ဘာသာမဲ့အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၄-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သဘာဝအလှတရားတို့ထိတွေ့ခဲ့ရာ သည်တစ်ခဏ
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၃၀ Sports Diary
- ၁၀:၃၀ ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆီနေကြာဆီ
- ၁၁:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၅၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငွေ့လင့်ခြင်းအိပ်မက်' (အပိုင်း-၆)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငွေ့လင့်ခြင်းအိပ်မက်' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၃၂)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာပက်၌တင်သောဂရု' (အပိုင်း-၁၇)

**mitv**

- 07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:10 Myanmar Traditional Cart Business
- 07:32 Let's Venture to a Natural Wonder
- 07:49 Diorama
- 08:01 News
- 08:26 Global Updates; A Dangerous Beauty Trend
- 08:48 People's Military Service Law 1
- 09:01 A Special Moment with A Man of Versatility (Ep-2) Personal & Artistic Life
- 09:35 Myanmar Puppeteers (Tha Nge Taw Dance)
- 09:45 Myanmar Masterclass: Min Wae Aung
- 10:01 News
- 10:27 Bagan Lacquerware
- 10:27 Gardener of Royal Thazin Floral

**MRTV NRC**

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ထူးဆန်းဖွေရှာရှမ်းဓလေ့ရိုးရာ (အင်းလေးဒေသနွေစပါးရိတ်သိမ်းခြင်း)
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** အသီးအရွက်စားပါ
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** ဗုဒ္ဓတစ်ထောင်အကောက်တောင်
- **ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** ဘွဲ့ကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသာ ရိုးရာတူရိယာများ
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** အလှဖြာဝေဖားစည်မြေ
- **အရှေ့ပိုးကရင် (၁၆ :၀၀ မှ ၁၇:၀၀)** ၄က်ပျောသီးမုန့်
- **ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)** ဟင်းသီးဟင်းရွက်အခေါ်ဝေါ်များ(အပိုင်း-၂)
- **ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းလင်းခြင်း
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ See Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ Festivals Around The World (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်းသိမှတ်ဖွယ်ရာဥပဒေမှာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၂)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ အသေးစားလုပ်ငန်းထုထောင်ရေးမှသည် နိုင်ငံ့စီးပွားပွဲ့ဖြိုးမှုဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ၃၉ ဗိုက်မှု(ဇာတ်လမ်း)(အပိုင်း-၁)
- ၁၉:၃၀ Weymiller Family Farm
- ၂၂:၀၀ ၃၉ ဗိုက်မှု(ဇာတ်လမ်း)(အပိုင်း-၂)
- ၂၃:၃၀ A visit to Wambugu Apples Farmer in Kilimambogo

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၄၀ အောင်မြင့်မှုမြင့်မားခဲ့သည့် မြန်မာ့အားကစား

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# သံတွဲမြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံရွာသား ၅၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားသည်ဟု မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် AA အကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ နှစ်ဖက်တိုက်ပွဲများ ပြင်းထန်လျက်ရှိရာ ဧပြီ ၂၈ ရက်က တိုက်ပွဲဖြစ်ပွားရာအနီးအနားရှိ ရွှေလှေကျေးရွာနှင့် ရေကောက်ကျေးရွာတို့မှ ဒေသခံရွာသား ၅၀ ထက်မနည်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ တိုက်ပွဲဖြစ်ပွားရာအနီးအနားရှိ ကျေးရွာများမှဒေသခံရွာသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားသည်ဆိုသည့်သတင်းများမှာ မှန်ကန်မှုမရှိဘဲ ဝါဒဖြန့်ဝေမှုသာဖြစ်ကြောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာတွင် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ယူတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဧပြီ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yoon Poe Eain" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ အမှတ်(၃)ရပ်ကွက်နေ ခင်လေးမေအား မွန်းတည့် ၁၂ နာရီတွင် အသုတ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အချိန်အခါမဟုတ် မိုးရွာနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့ ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ မေ ၃ ရက်မှ ၅ ရက်အတွင်း အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှု အားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



# လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဘုံသာဓမ္မပါရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၂ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးသို့ ဧပြီလအတွင်း ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်း တိုးတက်ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဖန်တီးပေးနိုင်ခဲ့




ပဲခူး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၄)ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ဦးစားပေးခွင့်ပြု**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စက်ရုံလုပ်ငန်းများ ထူထောင်ရာတွင် သတ်မှတ်ထားသည့် စက်မှုဇုန်အတွင်း၌သာ ဦးစားပေး ခွင့်ပြုပေးသွားရမည်ဖြစ်ပြီး လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များ လွယ်ကူစွာ စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တည်ဆောက်ဆဲ စက်ရုံများနှင့် ခွင့်ပြုချက်/ လိုင်စင်ရရှိရေး စောင့်ဆိုင်းနေရသည့် စက်မှုလုပ်ငန်းများအတွက် လုပ်ငန်းများ အမြန်ဆုံး လည်ပတ်နိုင်ရေးနှင့် ရုံးလုပ်ငန်းများတွင် ကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံလုပ်သားအင်အားများများ အလုပ်အကိုင် ဖန်တီးပေးနိုင်သည့် CMP လုပ်ငန်းများနှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းလူသုံးကုန် ထုတ်လုပ်သည့်စက်ရုံများကို ဦးစားပေးဖိတ်ခေါ်သွားရမည်ဖြစ်ကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စစ်ဆေးခြင်းအပြင် စက်ရုံအတွင်း စက်ရုံလုပ်သားများ ကျန်းမာရေးနှင့် ညီညွတ်စွာ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအတွင်း လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စက်မှုလုပ်ငန်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသလို တက်ရောက်လာသည့် ကော်မတီဝင်များကလည်း တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုပေါ်လစဉ် ဆန်းစစ်လေ့လာသုံးသပ်တင်ပြပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ခေတ္တအတွင်းရေးမှူးက ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုနှင့် တည်ရှိပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တိုးတက်ထုတ်လုပ်မည့် စီမံချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက အကြံပြုဖြည့်စွက်တင်ပြခဲ့မှုပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ၏ တင်ပြချက်များအရ ဧပြီလတွင် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၀၁၅ သန်းနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုမြန်မာကျပ် ငွေ ၈၁၁၁၁ ဒသမ ၀၁၁ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၁၅၉၇ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ်၌ တိလောကမာရဇိန် စေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ချောင်းဆုံ မေ ၂၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၈ နာရီက ချောင်းဆုံအရှေ့ရပ်ကွက် တိလောကမာရဇိန် မြို့တော်ဦးစေတီတော်နှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက တိလောကမာရဇိန်မြို့တော်ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းများဆောင်ရွက်ခဲ့ကြပြီး မြို့တော်ဦးဘုန်းတော်ကြီးကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဝါစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ဧကရရှိရေးအတွက် ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မကွေး မေ ၂၉

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ဧကရရှိရေးအတွက် ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက်က သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း(မကွေး)၌ ကျင်းပသည်။

ဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်သည် ဝါအထွက်နှုန်းတိုးရန်၊ ပြည်တွင်းဖြစ် ချည်ထည်၊ အဝတ်အထည်များကို ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်း ဝါထုတ်လုပ်မှုလိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်သော်လည်း ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ဝါကုန်ကြမ်းမှ ဂွမ်းထုပ်အဖြစ်ရောင်းချနိုင်ပါက ဝါစေ့မျိုး၊ ဝါစေ့ဆီအဖြစ် အသုံးပြုရရှိနိုင်ခြင်း၊ ပန်းတိုင်အထွက်နှုန်းအဖြစ် တစ်ဧကပိဿာ ၇၀၀ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်ဝါ၊ စိုက်နည်းစနစ်၊ လိုအပ်သော သွင်းအားစုများအတွက် တစ်ဧက နှစ်သိန်းနှုန်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးရယူ၍ တောင်သူအစုအဖွဲ့/သမဝါယမအသင်း၊ သွင်းအားစုအစုအဖွဲ့၊ ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်စေလိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဝါသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ဧက ၅၆၇၈၂ ဧက လျာထားပါကြောင်း ပြောကြားသည်။



ထို့နောက် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်မင်းက ဝါစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းတင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝါလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ဧကရရှိရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# မော်လမြိုင်မြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



မော်လမြိုင် မေ ၂၉

မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် မော်လမြိုင်မြို့နယ် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အောင်တော်မူ မူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ယုကအမှာစကားပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးနိုင်က သစ်တောများမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများ၊ သစ်တောများနှင့် ရေဝေရေလဲ ထိန်းသိမ်းရေး၊ မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဟိန်းထွဋ်ဘုန်းက သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် မော်လမြိုင်/သထုံခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ ၂၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)



တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၉၂၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တင်ပို့ခဲ့သည်။

ထို့ပြင် အေရှားဝေါလ်ဆိပ်ကမ်း (AWPT-3)မှ သင်္ဘောတစ်စင်းပေါ်သို့ ရေထွက်ကုန်၊ ဆန်၊ ပဲများ တင်ဆောင်လျက်ရှိသည်။ အလားတူ အေရှားဝေါလ်ဆိပ်ကမ်း (AWPT-3) နှင့် သီလဝါဆိပ်ကမ်း (Myanmar International Terminal Thilawa) တို့မှ သင်္ဘောသုံးစင်းဖြင့် ရေထွက်ကုန်၊ ဆန်၊ ပဲ၊ ချုပ်ပြီးအထည်၊ သစ်တောထွက်၊ သကြား၊ နှမ်း၊ အထွေထွေကုန်ပစ္စည်းများ၊ ကုန်သေတ္တာအခွံ၊ ပြောင်း၊ ရော်ဘာတို့ တင်ဆောင်ထွက်ခွာသွားကြောင်း သိရသည်။

ထို့အတူ မေ ၃၀ ရက်တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-3) မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀၊ မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့ တန်ချိန် ၅၄၀၀၊ ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၄၄၄၀၀ နှင့် ဆန်တန်ချိန် ၇၅၀၀၊ မေ ၁ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal -TMT 3) မှ ပြောင်းဖူးစေ့တန်ချိန် ၆၀၅၀၊ မေ ၃ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT2) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၉၄၀၀ နှင့် မေ ၅ ရက်တွင် ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-1) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့ရှိ ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ရုပ်တု ပို့ဆောင်



**ပန်းတနော်  မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အမျိုးသားအထက်တန်း ကျောင်းအုပ်ဆရာကြီး တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ကို ဂုဏ်ပြုသောအားဖြင့် ပန်းတနော်မြို့အဝင် ရန်ကုန်- ပုသိမ် ကားလမ်းမကြီးဘေးတွင် တည်ဆောက်လျက်ရှိသော ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်သို့ ယနေ့နံနက် ၇ နာရီက မြတောင်စာသင်တိုက်မှ ဦးသန့်ရုပ်တုအား ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ဦးသန့်ရုပ်တုကို ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယက ဆရာတော် ဦးကုမာရ ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် နောင်လာနောက်သားများ လေးစားအတုယူအားကျစေရန်ရည်ရွယ်၍ မြို့တွင်းသို့လှည့်လည်ကာ ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်သို့ ပို့ဆောင်ပေးခဲ့ပြီး ဆရာတော်ကြီးက ဦးသန့်အကြောင်း ပီတိသြဝါဒစကားများ မြွက်ကြားခဲ့ကြောင်း သိရသည်။

**ပိုင်းဝန်းကူညီပံ့ပိုးပေးခဲ့**

မြတောင်စာသင်တိုက်၏ ဒုတိယနာယက ဆရာတော် ဦးကုမာရသည် ၂၀၁၂ ခုနှစ်မှစတင်၍ ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒေသအသီးသီးရှိ စေတနာရှင်၊ အလှူရှင်များကလည်း ပိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန(၃)ခု၌ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆို

**မန္တလေး  မေ ၂၉**

ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံကျောင်းများရှိ စာစစ်ဌာနများ၌ ယနေ့တွင် စာမေးပွဲစတင်ဖြေဆိုစေခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ စာမေးပွဲဖြေဆိုရန် သတ်မှတ်ထားသည့် စာစစ်ဌာနများဖြစ်သည့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုရန် လျှောက်ထားသူ ၅၉ ဦးတွင် ဖြေဆိုသူ ၃၇ ဦး၊ ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန်လျှောက်ထားသူ နှစ်ဦးတွင် ဖြေဆိုသူ နှစ်ဦးနှင့် မိတ္ထီလာမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန်လျှောက်ထားသူ သုံးဦးတွင် ဖြေဆိုသူ သုံးဦး စုစုပေါင်း ၄၂ ဦး မြန်မာစာဘာသာရပ်ကို အေးချမ်းပျော်ရွှင်စွာ စတင်ဖြေဆိုကြသည်။

ထိုသို့ စာမေးပွဲဖြေဆိုရန် သက်ဆိုင်ရာစာစစ်ဌာနကျောင်းများသို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖြေဆိုနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။



ယနေ့စာမေးပွဲဖြေဆိုမှုနှင့်စပ်လျဉ်း၍ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၏ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်စန္ဒာသွေးက "ကျွန်မတို့စာစစ်ဌာနမှာ ဖြေဆိုသူစာရင်းရှိ ကျောင်းသား ကျောင်းသူ ၅၉ ဦးရှိပါတယ်။ အမှန်တကယ် လာရောက်ဖြေဆိုသူ ကျောင်းသား ၁၅ ဦးနဲ့ ကျောင်းသူ ၂၂ ဦး စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ သူတို့တွေ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ဖို့ စာမေးပွဲအခန်းတွေနဲ့ စာရေးကိရိယာတွေကိုလည်း အဆင်သင့် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ သွားလာရေးအဆင်ပြေစေဖို့ကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဒီစာမေးပွဲကတော့ ကျောင်းသား ကျောင်းသူတွေအတွက် အထူးအခွင့်အရေးနဲ့ စီစဉ်ထားပေးတဲ့အတွက် ဖြေဆိုခွင့်ရတဲ့သူတွေ ကံကောင်းကြပါတယ်။ စာမေးပွဲမှာ ကြိုးစားပြီးဖြေရင် အကျိုးကျေးဇူးခံစားရမှာပါ" ဟု ပြောသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စာမေးပွဲစာစစ်ဌာနများနှင့် အနီးစပ်ဆုံး ကျောင်းများတွင် တည်းခိုနေထိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာစစ်ဌာန ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စာမေးပွဲကို မေ ၂၉ ရက်မှ မေ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်




ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

**အနိုင်ရရှိခဲ့**

ဦးစွာ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ရွှေပြည်သာအသင်းက သန်လျင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ရွှေပြည်သာအသင်းက သန်လျင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် သာကေတအသင်းက အင်းစိန်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် သန်လျင်အသင်းက သာကေတအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက အမျိုးသမီးသုံးယောက်တွဲ၊ လေးယောက်တွဲနှင့် အမျိုးသားသုံးယောက်တွဲ၊ လေးယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများ၊ အကောင်းဆုံးဆုရရှိသော ကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားသုံးယောက်တွဲ၊ လေးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲ၊ လေးယောက်တွဲပွဲစဉ်များကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြို့နယ် ၄၄ မြို့နယ်မှ ကစားသမား ၄၀၀ ခန့်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း၊ ယခုပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ပြီး နေပြည်တော်တွင် မေ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားအမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – လင်းရာမ**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ




နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၂၄)ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက Novotel Yangon Max ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့လက်ရွေးစင်အသင်းတစ်သင်းချင်းစီအတွက် နှစ်အလိုက်ပြိုင်ပွဲများနှင့် ရည်မှန်းချက်များ၊ ပြင်ဆင်မှုများအား စနစ်တကျ ပြုစုထားရှိရေး၊ Scouting အဖွဲ့များဖွဲ့စည်းရေး၊ ယူ-၁၀၊ ယူ-၁၂ ပြိုင်ပွဲများနှင့် Football Festival ဘောလုံးပွဲတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ကျယ်ကျယ်ပြန့်ပြန့်ကျင်းပရေးနှင့် ယင်းမှတစ်ဆင့် ယူ-၁၅၊ ယူ-၁၇ လိဂ်များအား ပူးပေါင်းကျင်းပရေး၊ ဒေသတွင်း လူငယ်ပြိုင်ပွဲများမှ တစ်ဆင့် ယူ-၁၇၊ ယူ-၂၀ နှင့် အိုလံပစ်ပြိုင်ပွဲများအထိ ရည်မှန်းချက်ထားရှိရေး၊ ထိုသို့ လူငယ်ပြိုင်ပွဲများ ဖော်ဆောင်ရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ လမ်းညွှန်ချက်များ အတိုင်း ဒေသအသီးသီးပါဝင်နိုင်ရေးနှင့် အသက်မှန်ကန်မှုရှိရေးအတွက် စနစ်တကျစိစစ်ရေး၊ အမျိုးသမီးဘောလုံးအတွက် လိဂ်ပြိုင်ပွဲနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဖူဆယ်လောကနှင့် ပြိုင်ပွဲများ ပိုမိုတိုးတက်ရေးအတွက် တာဝန်ရှိသူများက ပိုမိုအားစိုက်ဆောင်ရွက်ရေး၊ ငါးနှစ်စီမံကိန်းဖြင့် အသင်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး စနစ်တကျဆောင်ရွက်ရေး၊ ပံ့ပိုးရေးအပိုင်းဖြစ်သည့် မီဒီယာနှင့်ဈေးကွက် ရှာဖွေရေးလုပ်ငန်းများ၊ FIFA၊ AFC တို့နှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပရောဂျက်များ၊ ငွေကြေးသုံးစွဲမှုများနှင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု/တာဝန်ခံမှုများ၊ ကစားကွင်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေးတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခေတ္တအထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးစောက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ဦးစီး ဆောင်ရွက်ကြမည့် Standing Committee များကို တင်ပြခဲ့ပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ အတည်ပြုချက်များကို ရယူခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဒေသများတွင် MFF နှင့် ပူးပေါင်း၍ လူငယ်ပြိုင်ပွဲများ ကျင်းပပြီး ထိုမှတစ်ဆင့် ဒေသအသီးသီးမှ ကစားသမားကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံလက်ရွေးစင်ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးတို့ကိုလည်းကောင်း၊ အဖွဲ့ချုပ်က ကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်(၁)နှင့်(၂)၊ လိဂ်ဖလားပြိုင်ပွဲများ၊ ဖူဆယ်လိဂ်(၁)နှင့်(၂)ပြိုင်ပွဲများ၊ ဖူဆယ်ရှုံးထွက်ပြိုင်ပွဲများ၊ အမျိုးသမီးလိဂ်ပြိုင်ပွဲများ စသည့် ကလပ်ပြိုင်ပွဲအသီးသီး ပိုမိုတိုးတက်ရေးနှင့် ပြိုင်ပွဲများအား ပရိသတ်စိတ်ဝင်စားမှုရရှိရေး၊ ကလပ်အသင်းများ အင်အားတောင့်တင်းရေးနှင့် ပြိုင်ပွဲများအား မှီခိုနေရသည့် ကစားသမားများအတွက် အာမခံချက်များ ပိုမိုရရှိရေး စသည်တို့အား Stakeholders များအားလုံး ပူးပေါင်း၍ ဆောင်ရွက်ကြရန် တက်ရောက်လာကြသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အထွေထွေဆွေးနွေးချက်များတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

# မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ITPEC စာမေးပွဲများ ကျင်းပ



ရန်ကုန် ဧပြီ ၂၉

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြုစာမေးပွဲများကို ဧပြီ ၂၈ ရက် (တနင်္ဂနွေနေ့)က ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံမြို့များတွင် တစ်ပြိုင်နက်တည်းကျင်းပရာ Information Technology Passport Examination (IT Passport) စာမေးပွဲတွင် ၅၁၇ ဦးနှင့် Fundamental Information Technology Engineer Examination (FE)စာမေးပွဲတွင် ၆၉၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

Information Technology passport Examination ( IT passport ) စာမေးပွဲသည် IT ဆိုင်ရာအခြေခံဗဟုသုတရှိပြီး IT နှင့် သက်ဆိုင်သောလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူများအတွက်လည်းကောင်း Fundamental Information Technology Engineer Examination (FE exam) သည် IT ဆိုင်ရာဗဟုသုတ အခြေခံကျွမ်းကျင်မှုရှိပြီးသူများ Programmer များ Program Design ရေးဆွဲသူများနှင့် Software Development လုပ်ငန်းများတွင်လုပ်ကိုင်နေသူများအတွက်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုအသိအမှတ်ပြု အောင်လက်မှတ်ရရှိစေမည့် စာမေးပွဲများဖြစ်သည်။

ITPEC Exam အောင်လက်မှတ်သည် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံ အသိအမှတ်ပြုထားသည့် အောင်လက်မှတ်ဖြစ်သည်။

**မျိုးမင်းသူရ**

# ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီစိုက်တောင်သူများ ယခင်နှစ်ထက်ဈေးပိုရရှိ

ဆိပ်ဖြူ ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီပွဲရုံများသို့ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ကြက်သွန်နီများ နေ့စဉ် ဝင်ရောက်လျက်ရှိသည်။

လက်ရှိဒေသကြက်သွန်နီ တစ်ပိဿာလျှင် ရောင်းဈေးကျပ် ၁၅၀၀ မှ ၂၁၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် ယခင်နှစ် ဧပြီလအတွင်း ရောင်းရသည့်ဈေးထက် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၃၀၀ အထိ ဈေးပိုမိုရရှိခဲ့ကြသလို ကြက်သွန်နီအထွက်နှုန်းလည်း ကောင်းခဲ့ကြောင်း၊ ကြက်သွန်နီပွဲရုံအသီးသီးသို့ နေ့စဉ် ကုန်ချိန် တစ်သိန်းခွဲခန့် ဝင်ရောက်ပြီး ကြက်သွန်နီပွဲရုံများက နယ်မှရောက်ရှိလာသော ကြက်သွန်နီများကို လတ်ကြီး၊ လတ်ချော၊ လတ်သန့်နှင့် အာစီဆိုဒ်ဟူ၍ အမျိုးအစားများခွဲကာ အနယ်နယ်အရပ်ရပ်မြို့နယ်များ၊ နယ်စပ်မြို့များမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း၊ လက်ရှိရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် မော်လမြိုင်၊ မြဝတီမြို့များသို့ မော်တော်ယာဉ်များဖြင့်တင်ပို့လျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရောင်းချရာတွင် ကြက်သွန်နီ ဈေးအတက်အကျပေါ်မူတည်၍ နေ့စဉ် ကုန်ချိန် ငါးသောင်းမှ တစ်သိန်းဝန်းကျင်အထိ တင်ပို့နေရကြောင်း ဒေသခံတောင်သူများနှင့် ကြက်သွန်နီတင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များထံမှ သိရသည်။

**ကိုဓွဲ(အညာမြေ)**

# ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နွေစပါးစိုက်ဧက ၁၅၄၉၂ ဧကကို မြစ်ရေတင်ပို့လွှတ်နိုင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၁၇၅၉၅ ဧကအတွက် ရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ် နွေစပါးခင်းများ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အောင်မြင်ဖြစ်ထွန်းခဲ့ရာ ဆည်တမံများနည်းတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နွေစပါးစိုက်ဧက ၁၅၄၉၂ ဧကကို အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၁၇၅၉၅ ဧကအား ပြည့်ဝစွာရေပို့လွှတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ရေပေးဝေနိုင်ခဲ့

“ကျွန်တော်တို့ဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးထဲမှာဆိုရင် တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်မြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ခင်းတွေကို လှိုင်မြစ်၊ ကုက္ကိုလ်ဝမြစ်နဲ့ ငမိုးရိပ်ချောင်းတို့ကနေ မြစ်ရေတင်စနစ်နဲ့ ရေပို့လွှတ်ပေးခဲ့တယ်။ မနှစ်ကနွေစပါး ဧက ၁၂၀၀၀ ကျော်ကို ရေပေးခဲ့ပြီး ဒီနှစ်မှာ ၁၅၄၉၂ ဧကအထိ စိုက်ဧက တိုးလာတာနဲ့အမျှ ရေပေးဝေနိုင်ခဲ့ပါတယ်။ ဇန်နဝါရီလဆန်းမှာ မြစ်ရေတင် စတင်ပေးဝေခဲ့ပြီးတော့ မေလ ပထမပတ်၊ ဒုတိယပတ်မှာ ရပ်နားမှာပါ။ ပျိုးကြဲနောက်ကျမှုနဲ့ သက်တမ်းရင့်စပါး ပါလာရင်တော့ ရေပို့လွှတ်မှုရပ်နားဖို့ နောက်ကျနိုင်ပါတယ်။ တောင်သူတွေနွေစပါးကို ဧကတိုးပြီး စိုက်လာတာဟာ တောင်သူတွေရဲ့ လူမှုစီးပွား ဘဝ တိုးတက်မှုရဲ့ ခြေလှမ်းသစ်တစ်ရပ်ပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့အတူ ပံ့ပိုးမှုများနဲ့ ဆောင်ရွက်ခဲ့တာကြောင့် နွေစပါးအတွက် လိုအပ်တဲ့ရေကို အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်နှစ် နွေစပါးရာသီမှာလည်း ယခုနှစ်ထက် တိုးချဲ့စိုက်ပျိုးလာမယ့် နွေစပါးခင်းများအတွက် ရေပြည့်ဝစွာရရှိအောင် ကြိုတင်ပြင်ဆင်နေပါတယ်။ စပါးဈေးကောင်းချိန်မှာ ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အတွက် စိုက်ဧကတွေတိုးချဲ့ပြီး စိုက်ပျိုးနိုင်မှုဟာ စိုက်ပျိုးတောင်သူနဲ့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေတာ အမှန်ပါ”ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်သန်းက ပြောသည်။

### စိုက်ပျိုးရန်လျာထား

၂၀၂၃-၂၀၂၄ ခုနှစ်တွင် သန်လျင်ခရိုင်၌ ကျုံတုရေတင်လုပ်ငန်း၊ ကမာကလူရေတင်လုပ်ငန်း၊ ခရမ်းချောင်းရေတင်လုပ်ငန်းတို့မှ နွေစပါး ၇၆ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၅၀ လျာထားကြောင်း၊ မင်္ဂလာဒုံခရိုင်၌ မြစ်ကျိုးရေတင်လုပ်ငန်း၊ ကန်ကလေး ရေတင်လုပ်ငန်းနှင့် မြောင်းတကာရေတင်လုပ်ငန်းတို့မှ နွေစပါး ဧက ၁၃၂၀ စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၁၈၉၀ စိုက်ပျိုးရန် လျာထားကြောင်း၊ မင်္ဂလာဒုံမြို့နယ်၌ စမ်းကြီးရေတင်လုပ်ငန်း၊ ဘားလား(၁)ရေတင်လုပ်ငန်းတို့မှ နွေစပါး ၂၁၅ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၂၈၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ထန်းတပင်မြို့နယ်၌ ရေပေါ်သောင်ရေတင်လုပ်ငန်း၊ ငွေတန်းရှည်ရေတင်လုပ်ငန်း၊ ကြို့ကုန်းရေတင်လုပ်ငန်းနှင့် ကျွန်းငူရေတင်လုပ်ငန်းတို့မှ နွေစပါး ၂၈၁၈ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၀၃၀ စိုက်ပျိုးရန်လျာထားကြောင်း။

တိုက်ကြီးမြို့နယ်၌ အိုင်ကလောင်ရေတင်လုပ်ငန်း၊ အလဘုတ်ရေတင်လုပ်ငန်း၊ သပြေကန်ရေတင်လုပ်ငန်း၊ တော်လတီရေတင်လုပ်ငန်း၊ တောင်ရပ်ဇီးကုန်ရေတင်လုပ်ငန်းနှင့် သရက်ချောင်း ရေတင်လုပ်ငန်းတို့မှ နွေစပါး ၃၄၀၁ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၈၀၀ စိုက်ပျိုးရန် လျာထားကြောင်း၊ လှည်းကူးခရိုင်၌ ဘားလား(၂)ရေတင်လုပ်ငန်း၊ မလစ်ရေတင်လုပ်ငန်း၊ ရေကျော်ရေတင်လုပ်ငန်း၊ စစ်ပင်ရေတင်လုပ်ငန်း၊ ဆင်ဖုံရေတင်လုပ်ငန်း၊ ငွေနံ့သာရေတင်လုပ်ငန်း၊ ငမိုးရိပ်ရေတင်လုပ်ငန်း၊ လက်ပံရေတင်လုပ်ငန်း၊ လက်ပံ(၂) ကင်းမွန်းချုံရေတင်လုပ်ငန်းနှင့် ရဲမွန်ရေတင်လုပ်ငန်းတို့မှ ၇၆၆၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၈၂၄၅ ဧက စိုက်ပျိုးရန် လျာထားရာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အဆိုပါ ခရိုင်/မြို့နယ်တို့၌ နွေစပါးစိုက်ဧက ၁၅၄၉၂ ဧကအား မြစ်ရေတင်စနစ်ဖြင့် ပို့လွှတ်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါးစိုက်ခင်း ၁၇၅၉၅ ဧကအတွက် ရေပို့လွှတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပြီး လျှပ်စစ်ရေတင်လုပ်ငန်း ၂၂ ခုမှ အကျိုးပြုဧကပေါင်း ၂၄၅၁၈ ဧက၊ ဆောင်ရွက်ဆဲ လျှပ်စစ်ရေတင်လုပ်ငန်း နှစ်ခုမှ အကျိုးပြုဧက ၃၃၀၀ နှင့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း ကွင်းဆင်းတိုင်းတာမှု ဆောင်ရွက်ဆဲ လျှပ်စစ်ရေတင်လုပ်ငန်းခြောက်ခုတို့မှ အကျိုးပြုဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် နှစ်စဉ်ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - တိုင်းဆည်မြောင်း





# အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း၌ ရှင်သာမဏေ ၅၄ ပါးအား ရှင်ပြုအလှူတော်မင်္ဂလာ ပြုလုပ်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဝိဇ္ဇာကာသိ သိရီကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ) Ph.D (Social Science), Ph.D (Vipassan Bhvan) Thailand နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်အား အမှူးထားပြီး ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း မိသားစုများ စုပေါင်း၍ ရှင်သာမဏေ ၅၄ ပါးအား မြန်မာ့ရိုးရာအစဉ်အလာအတိုင်း သာမဏေရပဗ္ဗဇ္ဇသာသနာ့အမွေခံရှင်ပြုအလှူတော်၊ သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်အတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသည့် သံဃာတော်များ၊ အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် ဧည့်ပရိသတ်များက အောင်ဆန်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးခြင်းများဆောင်ရွက်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို ရပ်နားခဲ့ကြသည်။

အောင်မြင့်(ပြန်/ဆက်)

**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့ အဓိကလမ်းမကြီးများရှိ မီးပွိုင့်များတွင် အရိပ်ရနေပူခံအမိုးများ တပ်ဆင်ပေး

မန္တလေး မေ ၂၉

မန္တလေးမြို့ အဓိကလမ်းမကြီးများရှိ မီးပွိုင့်များတွင် ယာဉ်ကြောစောင့်ဆိုင်းရာ၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များဖြင့် သွားလာသူများ နေပူဒဏ်သက်သာစေရန်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အရိပ်ရနေပူခံအမိုးများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။



နေ့အပူချိန်များမြင့်မားနေသဖြင့် အပူဒဏ်သက်သာစေရန်အတွက် ပိုက်စိမ်းမိုးကာများဖြင့် မိုးကာပေးခြင်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနက မေ ၂၇ ရက်တွင် စတင်ဆောင်ရွက်ပေးနေကြောင်း ယင်းဌာနတာဝန်ရှိသူက ပြောသည်။

“မန္တလေးမှာက ဆိုင်ကယ်စီးပြီး သွားလာတဲ့သူများပါတယ်။ ယခုရက်ပိုင်းမှာ အပူချိန်မြင့်မားတာကြောင့် ယာဉ်အသွားအလာများတဲ့ မီးပွိုင့်တွေမှာ အရိပ်ရအမိုးတွေကို ဆောင်ရွက်ပေးနေပါတယ်။ Foundation ရှိပြီးသားဖြစ်တဲ့နေရာတွေမှာ အရင်လုပ်ပါတယ်။ အရိပ်ရအမိုးဆောက်တဲ့အခါ အလေးချိန်များတော့ လေဒဏ်ခံနိုင်ဖို့က အောက်ခြေခိုင်အောင် လုပ်ရမှာပါ”ဟု ၎င်းကပြောသည်။

ဆောက်လုပ်ပေးလျက်ရှိသည့် အရိပ်ရနေပူခံအမိုးများကို အဓိကလမ်းမကြီးများတွင် ဆောင်ရွက်ပေးမည်ဖြစ်ရာ အကျယ်အဝန်းမှာ နေရာအလိုက်ကွဲပြားမှုရှိပြီး ပျမ်းမျှအားဖြင့် အလျားပေ ၄၀ မှ ပေ ၆၀ အတွင်း အကျယ်ပေ ၂၀ မှ ပေ ၅၀ အတွင်း အကျယ်အဝန်းရှိကြောင်း သိရသည်။

“ယာဉ်စည်းကမ်းအရ ဘယ်လောက်ပူပူ မီးပွိုင့်မှာ မီးနီရင်ရပ်စောင့်ပေးရတယ်။ မီးနီရပ်စောင့်ရတဲ့အခါ လမ်းပေါ်မှာက အရိပ်မရှိဘူး။ မန္တလေးက ဆိုင်ကယ်မြို့တော်ဆိုတော့ ဆိုင်ကယ်သမားတွေက ပိုပြီး အပူဒဏ်ခံရတယ်။ ဒီမနက်မှာ အရိပ်ရဆန်ခါမိုးကာစိမ်းတွေ လုပ်ထားတာတွေ့တော့ ဆောင်ရွက်ပေးတဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

မန္တလေးမြို့၏ အဓိကလမ်းမကြီးများဖြစ်သည့် ၇၈ လမ်း(ရန်မန်းလမ်း)၊ သိပ္ပံလမ်း၊ ၇၈ လမ်း၊ ၇၃ လမ်း၊ ၂၆ လမ်း၊ ၁၉ လမ်း စသည့် နေရာများမှ မီးပွိုင့်များတွင် အရိပ်ရနေပူခံအမိုးများ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် မန္တလေးမြို့၏ နေ့အပူချိန်များမှာ ၄၂ ဒီဂရီစင်တီဂရိတ်ဝန်းကျင်ရှိပြီး မေ ၂၈ ရက် တွင် ၄၄ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်ရှိရာ စံချိန်တင်ရမည့် အပူချိန်ဖြစ်ကြောင်းသိရသည်။

မောင်အေးချမ်း



# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ အနည်းငယ်မြင့်တက်

မုံရွာ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း၌ တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဧပြီလ စတုတ္ထပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပုံမှန်အားဖြင့် နွေရာသီကာလများတွင် ကွမ်းအထွက်နှုန်းတိုးသော်လည်း ယခုနှစ်နွေရာသီမှာ အပူချိန်မြင့်မားသည့်အတွက် ရာသီဥတုအပူဒဏ်ကြောင့် ရွက်လိပ်ပိုးများကျရောက်ကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးခြင်း၊ နှစ်သစ်ကူး သင်္ကြန်ကာလတွင်းနှင့် သင်္ကြန်အပြီး ကာလများတွင် ဈေးကွက်ဝယ်လိုအား များပြားခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးဥ(ဇော်မွှား) စိုက်ခင်းများ လှိုင်လှိုင်တူးဖော်လျက်ရှိ

မကွေး ဧပြီ ၂၉



မကွေး တိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ အနောက်ပိုင်း ရွာသစ်ရပ်ကွက်နှင့် ကိုးတောင့်၊ အောက်ဆိပ်အုပ်စုနှင့် ရောဝတီမြစ်ရိုးတစ်လျှောက်ယောချောင်း၊ ချစ်ချောင်းနံဘေးရှိ ကျေးရွာများတွင် ကြက်သွန်နီသီးနှံကို မိုးစိုက် (ဥစိုက်)၊ ဆောင်းစိုက် (ပင်စိုက်) မျိုးစေ့အနှံယူ စိုက်ခင်းများအပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူ (ဇော်မွှား) စိုက်ခင်းများကို ဒေသတွင်းရှိ တောင်သူများမှာ တစ်ပိုင်တစ်နိုင်အဖြစ် လည်းကောင်း၊ စီးပွားဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ကြက်သွန်နီ မျိုးဥ (ဇော်မွှား) စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးခဲ့ရာ ယခုနှစ်၌ ကြက်သွန်နီ မိုးစိုက် (ဥစိုက်) စိုက်ပျိုးချိန်တွင် ဈေးကွက်ဝယ်လိုအား ကောင်းမွန်ခြင်းကြောင့်ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်၍ မျိုးဥဈေးနှုန်းများလည်း မြင့်တက်လာသည့်အတွက် ကြက်သွန်နီမျိုးဥ (ဇော်မွှား) စိုက်ဧက ၁၅၀ ခန့်အထိ ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် မြစ်ချောင်းတစ်လျှောက်ရှိသဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး အစေ့ကြဲပက်၍ ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီမျိုးဥ (ဇော်မွှား) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၅၀၀ ပေါက်ဈေးဖြင့် ဒေသတွင်း၌ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ တစ်ဧကလျှင် ကျပ်သိန်း ၄၀ ခန့် ကုန်ကျကာ အကျိုးအမြတ်အနေဖြင့် ကျပ်သိန်း ၂၀ ခန့် ရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကြက်သွန်နီသည် အခြားသီးနှံများအနက် တွက်ခြေကိုက်သောသီးနှံတစ်မျိုးဖြစ်ရာ ကြက်သွန်နီမျိုးဥ(ဇော်မွှား) စိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ကြက်သွန်နီဈေးကွက်ကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုရှိပါက အကျိုးအမြတ်များစွာရရှိသည့်အပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူခြင်းဖြစ်၍ (နွေ) ကြက်သွန်နီဥ စိုက်ပျိုးရာတွင် အထွက်နှုန်း ကောင်းမွန်ပြီး ဈေးကွက်ဝင် ကြက်သွန်ဥများ ရရှိခြင်းကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။



# ပွင့်ဖြူမြို့နယ်၌ မုန်လာဥနီများ စတင်တူးဖော်လျက်ရှိ

မကွေး ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရွာသာကုန်း၊ ပေါက်စု၊ ချွန်းစု စသည့်ကျေးရွာများတွင် မြေအောက်ရေကို အသုံးပြု၍ မုန်လာဥနီများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် အပင်များ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

မုန်လာဥနီကို အပူအအေးမျှတသောဒေသများတွင် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး အေးသောဒေသများနှင့် မြေဩဇာကောင်းသောမြေပွများတွင် အပင်များ ပိုမိုအောင်မြင်ဖြစ်ထွန်းလွယ်ကြောင်း၊ မုန်လာဥနီအထွက်နှုန်းမှာ ရာသီဥတုနှင့် မြေအမျိုးအစားအပေါ်လိုက်၍ ကွာခြားမှုရှိကြောင်း၊ ပွင့်ဖြူဒေသ၌ မုန်လာဥနီစိုက်ပျိုးရာတွင် ပေါင်ဖော်၍ မျိုးစေ့ချပြီးစိုက်ပျိုးကြကြောင်း၊ ဖေဖော်ဝါရီလဆန်းတွင် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း နှစ်လခွဲခန့်အကြာ ဧပြီလတွင် မုန်လာဥနီများကို စတင်တူးဖော်ရကြောင်း၊ မုန်လာဥနီတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ဗီတာမင်နှင့်သတ္တုဓာတ်များစွာ ပါရှိကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေသောကြောင့် ဈေးကွက်၌ အရောင်းသွက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စတင်တူးဖော်ချိန် ဧပြီလ ဒုတိယပတ်တွင် မုန်လာဥနီ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ခန့် ဈေးနှုန်းဖြင့်လည်းကောင်း၊ ဧပြီလ စတုတ္ထပတ်တွင် မုန်လာဥနီ အကြီး၊ အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၃၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့နယ်ထွက် မုန်လာဥနီများကို စလင်း၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ စကု၊ ချောက်၊ မကွေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး တောင်သူများအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်များ ရရှိကြောင်း မုန်လာဥနီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# အထက်မင်းလှမြို့နယ်ရှိ လောင်စာတောင့်လုပ်ငန်း ဈေးနှုန်းဈေးကွက်

မကွေး ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်သည် ရေနံထွက်ရှိရာ ဒေသဖြစ်သည့်အလျောက် ရေနံတူးဖော်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် အခြားအသေးစား စက်မှုလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြကြောင်း သိရသည်။

အထက်မင်းလှမြို့နယ်၌ ရေနံမီးသွေးမှတစ်ဆင့် ထုတ်လုပ်သောလောင်စာတောင့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ လောင်စာတောင့်ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းများမှာ ရေနံမီးသွေး၊ ကော်မှုန့်နှင့် ကျောက်မှုန့်(ခေါ်) ဂါလီတို့ဖြစ်ကြောင်း၊ အဓိကကုန်ကြမ်းတစ်ခုဖြစ်သည့် ရေနံမီးသွေး (ခေါ်) ရေနံဂျီးများကို မင်းလှမြို့အနီးမန်းသံပရာကန်ရေနံချက်စက်ရုံ (PIC) မှ တစ်တန်လျှင် ကျပ် ၆၀၀၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ ကျန်ကော်မှုန့်နှင့် ကျောက်မှုန့်များကို မန္တလေးမြို့မှ ဝယ်ယူရကြောင်း၊ လောင်စာတောင့်အဖြစ် ထုတ်လုပ်ရာတွင် လုပ်အားခ၊ ဒီဇယ်ခ၊ မီတာခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် တစ်ရက်လျှင် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၈၀၀၀၀-၁၀၀၀၀၀ ခန့် ကုန်ကျပြီး လောင်စာတောင့်လုပ်ငန်းတစ်ခုလုံး၏ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၅၀-၂၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် လောင်စာတောင့် တစ်ပိဿာလျှင် ကျပ် ၁၇၀၀ နှုန်းဖြင့် ရန်ကုန်၊ မန္တလေး၊ ပြည်၊ မော်လမြိုင် စသည့်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း လောင်စာတောင့်လုပ်ငန်းပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၂၉-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လှိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၅၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၂၀၀ | ၇၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၂၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၂၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၈၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၅၀၀၀ |



# ထားဝယ်မြို့တွင် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ဟောပြောပွဲတွင် ထားဝယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက သစ်တောသစ်ပင်များ၏အရေးပါမှုကို သိရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ စသည်တို့ကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးရဲဝင်းအောင်က သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအကြောင်း၊ သစ်တောများနှင့်ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးအကြောင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**




## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဟိဏ်းဇော်အောင် (ဘ) ဦးဝင်းမိုး [၁၂/လသန (နိုင်)ဝ၂၂၇၇၅]၏ PASSPORT No.MB 143865 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**၀၉-၄၀၀၀၉၁၁၆၉**

## ပတ်စ်ပို့ပျောက်

(အဖ) ဦးတင်ငွေ၏သား မောင်ဟိန်းမင်းဇော် [၉/ပဗသ (နိုင်)ဝ၃ဝ၈၈၂]၏ Passport-No MH-016729 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၇၈၄၂၇၆၀၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ပန်းကုန်းကျေးရွာ၊ အင်းပိုင်းရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် (၉၃) ဟုခေါ်တွင်သော တိုက်ခံ၊ ပျဉ်ခင်းနေအိမ်နှင့် ခြံမြေသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဝင်း [၁၀/သထန (နိုင်) ၁၆၈၉၄၃]မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး ငွေကြေးများ ပေးပို့ကာ ၎င်း၏ဖခင်မှ အမည်ငှားဖြင့် ဝယ်ယူခဲ့သော အိမ်ခြံဖြစ်ပြီး ယခုအခါ မိဘများကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် အဆိုပါအိမ်ခြံအား ကျွန်ုပ်၏ မိတ်ဆွေ သဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း ပေးခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမိုးဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီဝင်းလှိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၆၆၈)**
**အမှတ်(၂၄၇)၊ ဘုရားကြီးတောင်ဘက်လမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၈၆၉)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဦးကျော်ကျော်ဦး (ဘ) ဦးအုန်းညွန့် [၉/မနတ(နိုင်)၁၀၅၈၃၃] အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ကျော်ဦးထံမှ အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်လဲ့မွန်ဝင်း (ဘ) ဦးအောင်ဆန်းဝင်း [၁/မကန(နိုင်)၁၀၇၀၄၀]မှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)၊ ဝယ်သူ တရားရုံးကျမ်းကျိန်လွှာ(မူရင်း)၊ အရောင်းအဝယ် ကတိစာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် တင်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါ မြေပုံ/မြေရာဇဝင်ကို ဒေါ်လဲ့မွန်ဝင်း (ဘ) ဦးအောင်ဆန်းဝင်း [၁/မကန(နိုင်)၁၀၇၀၄၀]အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၅-၄-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)ပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းမင်းစိုး (စဉ်-၁၂၆၆၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမှတ် (၁၉၆)အစား၊ အမှတ် (၁၆၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများ၊ စက်/ယာဉ်ယန္တရားများ၏ ဆက်စပ်ပစ္စည်းများနှင့် တိုးလ်ဂိတ်ကြီး (၆)ဂိတ်၏ စက်ကိရိယာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော် (စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | လျှောက်လွှာစတင်ရောင်းချမည့်နေ့ | - | (၂-၅-၂၀၂၄)ရက်၊ (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်နေရာ | - | (၁၅-၅-၂၀၂၄)ရက်၊ (ဗုဒ္ဓဟူးနေ့) |
| | | - | မွန်းလွဲ (၁၂:၃၀)နာရီ |
| | | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်(စီလမ်းဆုံ) |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | ထပ်မံကြော်ငြာပါမည် |

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း ၀၉-၂၅၀၉၀၂၀၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသစ္စာရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၉၄၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၃၀)ပေရှိ မြေကွက်လွတ်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဖြူဖြူအောင် [၁၂/သလန(နိုင်)၀၇၂၉၄၂]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်း [၁၂/ဒလန(နိုင်)၀၅၃၂၉၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွေးနွေးအိ (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၇၅၂၅)**
**ဖုန်း- ၀၉-၂၆၀၄၀၂၀၀၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မာန်ပြေ (၁၃) လမ်း၊ အမှတ်(၅၅၂/၅)နေ ဒေါ်ညွန့်စိန် (ဘ) ဦးထွန်းညွန့် [၁၂/သကတ(နိုင်) ၀၃၂၃၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ဒေါ်ညွန့်စိန် [၁၂/သကတ(နိုင်)၀၃၂၃၂၃]ကိုင်ဆောင်သူမှ ဒေါ်သိန်းသိန်းရီ (ဘ) ဦးမောင်ရှိန် [၁၂/သကတ(နိုင်) ၁၃၅၅၂၄]အား (၁၄-၁၁-၂၀၂၂)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် (၂၁၂၉၂/၂၀၂၂)အရ လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ .

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၂)**
**အမှတ်(၁၃၁)၊ အင်းဝလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၄၅၃၂၀**

## စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၃၄) ရှိ (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ ပထမထပ် (၂)လွှာ၊ (ခြေရင်းခန်း) (၁၂⅔ပေ x ၅၀ပေ)ခန့်ရှိ ရေမီးအစုံတိုက်ခန်းတစ်ခန်း ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးကမန်ဇော်ဆန်အောင် [၁/မကန(နိုင်)၁၀၆၆၈၅]ထံမှ ဒေါ်ညိမ်းအိမွန် [၅/မရန(နိုင်)၁၈၀၈၁၇]က အပြီးအပိုင်ဝယ်ယူရန် ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-774597373, 09-767779901**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅ဘီ၊ မြေကွက်အမှတ်- ၂အေ/၁၅၊ (၀.၀၃၁)ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၅၂၄ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း ဆရာစံရပ်ကွက်ရှိ အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဖြူဖြူသန့် [၁၂/အစန(နိုင်)၁၇၆၈၀၄] ကိုင်ဆောင်သူမှမိမိ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မေသင်းကြူ [၁၂/ကမရ(နိုင်) ၀၅၉၄၅၇] ဒေါ်ယဉ်ယဉ်မြတ် [၁၂/ကမရ(နိုင်)၀၄၈၁၇၃] ကိုင်ဆောင်သူတို့မှ ဝယ်ယူရန်သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းထက်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၅)**
**တိုက်(၁၀/၁၂) အခန်း(၁၀၄/F)၊ ပထမထပ် (၃၅)လမ်းထိပ်**
**ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေ လ ၁၀ ရက်)**

ယာယီ

၁။ ၂၀၂၄ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၉ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀.၀၀၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၄ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၂၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၂၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၄-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၅-၂၀၂၄) ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့် အထွေထွေကုန် ပစ္စည်းများအား အောက်ပါ အစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက် ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေး ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေ့ရက်/အချိန် | - | ၁၆-၅-၂၀၂၄ရက်နေ့ နံနက်(၁၀:၀၀)နာရီ |
| (ခ) | နေရာ | - | ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဂ) | ပစ္စည်းအမျိုးအမည် | - | B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့်အထွေထွေကုန်ပစ္စည်းများ |
| (ဃ) | လေလံပုံစံရောင်းချခြင်း | - | လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၈-၅-၂၀၂၄ ရက်နေ့မှ ၁၀ - ၅ - ၂၀၂၄ ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ |
| (င) | ပစ္စည်းပြသမည့်အချိန် | - | လေလံပုံစံဝယ်ယူပြီးသူများအား ၁၃ - ၅ - ၂၀၂၄ ရက်နေ့မှ ၁၅ - ၅ - ၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀: ၀၀)နာရီမှ ညနေ (၁၆:၀၀) နာရီ အထိ ( ၃ ) ရက် ပြသပါမည်။ |

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း (၀၉-၅၁၄၂၉၇၉) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၈-ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၄၀၊ ၄-လွှာ(ခေါင်းရင်း)ဟု ခေါ်တွင်သည့် ဧရိယာ(၁၃ပေx၄၅ပေ) ရှိတိုက်ခန်းကို ဝယ်ယူလက်ရှိပိုင်ဆိုင်သည့်ဒေါ်ခင်အေး[၁၂/ကမရ(နိုင်)၀၀၉၃၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားမူရင်းများနှင့်တကွကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်မြင့်အောင်(စဉ်-၁၂၁၇၈) ဒေါ်နွေးနွေးလင်း(စဉ်-၄၁၃၀၈)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**ရုံး၊အမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄**

**“ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ် - (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၃၁၃/က. ခ. ဂ)၊ မြေကွက်လိပ်စာအမှတ်(၂၈)၊ မာန်ပြေ(၇) လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော ဦးနေဝင်း ၊ ဦးပြုံးချို ၊ ဒေါ်ကျင်မေ တို့ အမည်ပေါက်သော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိမြေကွက်၏ မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် ဒေါ်ကျင်မေ [၁၂/သကတ(နိုင်)၁၁၉၁၇၃] ပိုင်ဆိုင်သည့် အကျယ်အဝန်း (အလျား၁၃ပေ၄လက်မxအနံ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း”**

အထက် ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပိုင်ရောင်းချသူ ဦးမြတ်ကျော် [၁၂/သကတ(နိုင်)၂၂၆၆၂၉]သည် မူလဂရန် အမည်ပေါက် ဒေါ်ကျင်မေထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်လာသောမြေကွက် ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော် ဝန်ခံကတိပြုလျှက် အပိုင်ရောင်းချရန် ကမ်းလှမ်းလာ သည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒေဇီ [၁၃/ကလန(နိုင်) ၀၂၅၁၅၈] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်း အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဒေဇီ ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B) ဒေါ်ဂျာရိန်အောင်ဘူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃) အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-794077590**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂) လမ်းသွယ်(၁)လမ်း၊ တိုက်အမှတ်(၃၃-က/ခ)ဟုခေါ်တွင်သော(၂) ခန်းတွဲ(၅)ထပ်တိုက်မှဒါဘာထပ်(မြေရှင်ခန်း)အကျယ်အဝန်း(၁၁x၄၅) ပေရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ဝင်း[၁၂/ကမရ(နိုင်)၀၀၁၇၃၇]ထံမှ ကျွန်ုပ်ဦးအောင် ဇေယျ[၉/ပမန(နိုင်)၀၁၄၆၄၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးအောင်ဇေယျ**
**Ph:09-798872599**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ်(၁၃၆)၊ အဌရုံလမ်း၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ခင်ခင်လှိုင် (PDG-၀၆၁၈၅၃)အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းထိုက်[၁၀/ကမရ(နိုင်)၀၅၈၃၆၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူ များရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင် ဖော်ဆောင်ကာလုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် နယ်စပ်ဒေသများဖြစ်ပြီး အရေးပါသော နယ်စပ်ကုန်သွယ်ရေးဝင်ပေါက်များရှိသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်



နေပြည်တော် မေ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

**သံတွဲမြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံရွာသား ၅၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားသည်ဟု မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**ပဲခူးတိုင်းဒေသကြီးသို့ ဧပြီလအတွင်း ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်း တိုးတက်ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဖန်တီးပေးနိုင်ခဲ့**

စာမျက်နှာ » ၁၆

## မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ခရီးသွားပြည်သူများ အေးချမ်းစွာသွားလာလျက်ရှိ

မြဝတီ မေ ၂၉

ကရင်ပြည်နယ် မြဝတီမြို့၌ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေး တံတားအား ယာယီသွားလာခွင့်ကို မေ ၂၁ ရက်မှစ၍ ခေတ္တပိတ်ထားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ MOU ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နေသော လုပ်သားများ၊ U -trun ဖြင့် ဆောင်ရွက်ပေးနေရသောလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခဲ့ပြီး မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့၍ ယာဉ်များ၊ ခရီးသွားပြည်သူများအား ပုံမှန်သွားလာခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂

